မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဥ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများ စိုက်ပျိုးရေး ဝါးကတုတ်ရေလှောင်တမံနှင့် ကိုဒူးကွဲရေလှောင်တမံများ အမြန်ဆုံးပြီးစီးအောင် တည်ဆောက် မြို့တော်ရေပေးဝေရေးနှင့် သီးနှံစိုက်ပျိုးရေး ရေခွဲဝေရာတွင် သဟဇာတဖြစ်စေရေး ထိန်းညှိဆောင်ရွက်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးရေးစီမံကိန်းနှင့် ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ငမိုးရိပ်ရေလှောင်တမံစီမံကိန်း

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငမိုးရိပ်ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❐ အမေရိကန်၏ လူ့အခွင့်အရေး အစီရင်ခံစာ မြန်မာ့ပြည်တွင်းရေး စွက်ဖက်ရန် ထိုးနက်ချက်သာဖြစ်။ (ခေါင်းကြီး (စာ – ၂))

❐ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့အလိုကျ ကြိုးဆွဲရာကနေကြ ရတဲ့ နိုင်ငံရေးပါတီတွေ၊ အကြမ်းဖက်အဖွဲ့တွေ၊ လက်ဝေခံပြည်ပြေးတွေ ကတော့ ရေငုံနှုတ်ပိတ်လုပ်ပြီး ငြိမ်သက်ထောက်ခံနေကြပါတယ်။ သခင်အားရ ကျွန်ပါးဝ လုပ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလို့ အသံကောင်းဟစ်နေကြပေမယ့် အမှန်တကယ်မှာ ဒီမိုကရေစီဝါဒီများမဟုတ်ဘဲ ဆရာမွေး၊ တပည့်မွေး ဝါဒသမားတွေသာ ဖြစ်နေကြလို့ပါပဲ။ (စာဖတ်သူတစ်ဦး၏ ဆောင်းပါး (စာ–၃))

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာ မြန်မာ့ပြည်တွင်းရေး စွက်ဖက်ရန် ထိုးနှက်ချက်သာဖြစ်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၅ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာကို ၂၀၀၆ခုနှစ် မတ်လ၉ရက်နေ့က ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် ၎င်းတို့နှင့် အပေါင်းပါမဟုတ်သော ၎င်းတို့၏ဩဇာကို မနာခံသောနိုင်ငံများ၏ ဖြစ်ရပ်မှန်များနှင့် ဆန့်ကျင်ကာ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြချက်များ ပါရှိခဲ့သည်။

အစီရင်ခံစာတွင် တရုတ်၊ ရုရှား၊ အီရန်၊ မြောက်ကိုရီးယား၊ ကျူးဘား၊ ဘီလာရုစ်နှင့် မြန်မာ စသော နိုင်ငံများအား အဓိကပစ်မှတ်ထားပြီး လူ့အခွင့်အရေးနှင့် ပတ်သက်၍ လိုရာဆွဲကာ စွပ်စွဲ ဖော်ပြထားသည်။

၎င်းတို့၏ စွပ်စွဲချက်များအပေါ် နိုင်ငံတကာမှလည်း တုံ့ပြန်ဝေဖန်ခဲ့ကြသည်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုအစီရင်ခံစာနှင့် ပတ်သက်၍ လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း ၂၀၀၆ခုနှစ် မတ်လ၁၅ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူပြီးချိန်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝ တိုးတက်မြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းစေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်လျက် နယ်ပယ်ကဏ္ဍစုံတွင် ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းရင်းသား မျိုးနွယ်များအကြားတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်သူအများ လိုလားတောင့်တနေခဲ့ကြသည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရာခိုင်နှုန်းပြည့်နီးပါး ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် ညီနောင်ရင်းချာများကို နွေးထွေးစွာ ကြိုဆိုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတော်ကြီးသည် နယ်စပ်ဒေသများအထိ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။

၂၀၀၅ခုနှစ်အတွင်း အမျိုးသားညီလာခံကြီးကို နှစ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ထည့်သွင်းမည့် မူကြီးများအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အတည်ပြုခြင်းများအတွက် တိုးတက်မှုများ အထင်အရှားရရှိခဲ့သည်။ ယင်းညီလာခံသို့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့ အစည်းများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ ပါဝင်သည့် ကိုယ်စားလှယ်တစ်ထောင်ကျော် တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ကျန်းမာရေးနှင့်ပညာရေးအပါအဝင် လူမှုရေးဝန်ဆောင်မှု ကဏ္ဍများတွင် တိုးတက်မှုများလည်း ရရှိနေသည်။ မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများကထက် မည်သည့်ပြည်ပနိုင်ငံကမျှ ပို၍ သယ်ပိုးဆောင်ရွက်နိုင်မည် မဟုတ်ပေ။

သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ ခုနှစ် မတ်လ ၉ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွက် လူ့အခွင့်အရေးအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး တွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့် စာတမ်းတစ်ရပ်သာဖြစ်ကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေစစ်ဆေး

ရန်ကုန် မတ် ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၂ရက် ညနေ ၃နာရီက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ရောက်ရှိပြီး မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှု စက်ရုံတည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှု၊ မြေပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းများ ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းတို့က ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဝန်ကြီးက စက်မှုနယ်မြေအတွင်း လမ်းများဖောက်လုပ်ရာတွင် စနစ်တကျရှိရေး၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် သွက်လက်စွာ ဆောင်ရွက်ရေး၊ စီမံကိန်းနယ်မြေ လုံခြုံမှုရှိစေရန် စီမံဆောင်ရွက်ရေး၊ နောင်တိုးချဲ့လာမည့် စက်ရုံစီမံကိန်းသစ်များအတွက် မြေနေရာများ ကြိုတင်ရှာဖွေ တိုင်းတာသတ်မှတ်ထားရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စက်သုံးဆီများကို စနစ်တကျသုံးစွဲရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သန်လျင်မြို့နယ် စာတိုက်လမ်း အမှတ်(၂)နေ ဦးသန်းအောင်က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

ချမ်းသာသုခ ပြည်ငြိမ်းအေးစေတီတော်မြတ်ကြီး၌ ရဟန်းခံနှင့် (၂၇)ကြိမ်မြောက် မိုးကုတ် ဝိပဿနာ သင်္ကြန်ခုနစ်ရက် တရားစခန်းပွဲနှင့် ပဲခူးတိုင်း ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကုန်းသံဒင်းကျေးရွာ တရားစခန်းပွဲကို ဆရာတော် ဦးမေဓာဝီနှင့် ချမ်းသာသုခ ပြည်ငြိမ်းအေးကျောင်းတိုက်ဆရာတော် ဦးပညာလင်္ကာရတို့ကို အမှူးထား၍ (ဦးဟန်စိန်)-ဒေါ်လှကြည် မိသားစုနှင့် ဓမ္မမိတ်ဆွေများက ပစ္စယာနုဂ္ဂဟ ခံယူကာ ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိဒေယျက ဧပြီ ၁၁ ရက်မှ ဧပြီ ၁၇ရက်ထိ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများအနေဖြင့် ဧပြီ ၁၀ရက် ညနေ ၄ နာရီအရောက် လာရောက်ကြရန်နှင့် ရဟန်းခံမည့်သူများ ဧပြီ ၁၀ရက် မွန်းတည့်၁၂နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ ဆက်သွယ်မေးမြန်းလိုပါက ဒေါ်လှကြည် ဖုန်း-၆၆၁၉၆၄သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၆
(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆီးချို၊ သွေးချိုရောဂါ အကြောင်း ဟောပြောချက် (အပိုင်း-၃)
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	Myanmar Video Rhythm
၈း၁၅	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	Management Talk (ဦးမျိုးမြတ်သူ၊ ဦးအေးကျော်)
၉း၃၅	နိုင်ငံတကာ သတင်းအကျဉ်း
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	သဖန်းဆိပ်ဘက်စုံ ရေလှောင်တမံ
၉း၅၅	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ပြည်တွင်း သတင်းအကျဉ်း
၁၀း၂၅	မြန်မာ့ဂုဏ်ကို ဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	သံချည်သံကြွေး အတတ်ပညာ (အပိုင်း-၁)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	(၁၀)လက်မ ရော်ဘာ ကြိတ်လုံး စပါးအခွံချွတ်စက်
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	Aikido လေ့ကျင့်မှုဆိုင်ရာ နည်းစနစ်များ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	စားသုံးသူ ပြည်သူများ အကျိုးပြုရန် သမဝါယမ များက ဖြည့်ဆည်းစီမံ
၁၂း၀၀	MRTV-4 အပိတ် Logo

မြဝတီရုပ်မြင်သံကြား

၁၇-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။	ကာတွန်းအစီအစဉ် **"ပါကဲ့"** (အပိုင်း-၁၉)
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၂၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၁၈)

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ အတွင်းသရုပ်

စာဖတ်သူတစ်ဦး

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက တခြားနိုင်ငံတွေနဲ့ ပတ်သက်ပြီး နှစ်ပတ်လည် လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ၁၉၇၇ ခုနှစ်ကစပြီး နှစ်စဉ်ထုတ်ပြန်လာခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်အတွက် အစီရင်ခံစာကိုလည်း ၂၀၀၆ ခုနှစ် မတ်လ၈ရက်နေ့က ထုတ်ပြန်လိုက်ပါတယ်။

အဲဒီ အမေရိကန်အစိုးရရဲ့ ၂၀၀၅ခုနှစ် လူ့အခွင့်အရေးနှစ်ပတ်လည် အစီရင်ခံစာမှာ နိုင်ငံတော်တော်များများရဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေကို ဖော်ပြထားပါတယ်။ အဲဒီလို အဖော်ပြခံရတဲ့ နိုင်ငံတွေထဲမှာ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့အပေါင်းပါနိုင်ငံအချို့ရဲ့ လူ့အခွင့်အရေး မှတ်တမ်းတွေ မပါဝင်ခဲ့ပါဘူး။

အခုလို လူ့အခွင့်အရေးအစီရင်ခံစာကို နှစ်စဉ်ဖော်ပြနေတာဟာ အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်ကနေပြီး ၎င်းတို့ရဲ့ နိုင်ငံခြားရေးပေါ်လစီကို ရေးဆွဲသတ်မှတ်ရာမှာ အစီရင်ခံစာပါ အချက်အလက်တွေကို အခြေခံပြီး ရေးဆွဲသတ်မှတ်ဖို့အတွက်လို့ ဆိုပါတယ်။ ဒါပေမယ့် အမေရိကန်အစိုးရရဲ့ ဖုံးကွယ်ထားတဲ့ တကယ့်ရည်ရွယ်ချက်ကတော့ ၎င်းတို့နဲ့ အပေါင်းပါမဟုတ်တဲ့၊ ၎င်းတို့ရဲ့ဩဇာကို မနာခံတဲ့၊ ၎င်းတို့နဲ့ ပြိုင်ဘက်ဖြစ်လာမယ့် နိုင်ငံတွေကို လူ့အခွင့်အရေးဆိုတဲ့ ဝေါဟာရကို ခုတုံးလုပ်အသုံးချပြီး ဝါဒဖြန့်ချိရေးနည်းလမ်းနဲ့ အပုပ်ချအညွန့်ချိုး နှိမ်နှိမ်နေတာပဲဖြစ်ပါတယ်။ အမေရိကန်အစိုးရရဲ့ အဲဒီမီးစတစ်ဖက် ရေမှုတ်တစ်ဖက် မူဝါဒကို တစ်ကမ္ဘာလုံးက နားကျေအောင် သိနေခဲ့ကြပါတယ်။

စစ်အေးကာလမှာ အမေရိကန်အစိုးရဟာ အနောက်အုပ်စုကို ဦးဆောင်ပြီး ဆိုဗီယက် ရုရှားခေါင်းဆောင်တဲ့ အရှေ့အုပ်စုနဲ့ အားပြိုင်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီခေတ်ကာလမှာ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ရဲ့ရိုက်ခတ်မှုတွေကြောင့် ကိုလိုနီထမ်းပိုးအောက်က လွတ်မြောက်လာခဲ့တဲ့ ကမ္ဘာ့နိုင်ငံအများစုမှာ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒတွေ ခေတ်စားခဲ့ပါတယ်။ အနောက်အုပ်စုနိုင်ငံအများစုဟာ ကိုလိုနီနယ်ချဲ့ နိုင်ငံတွေဖြစ်တယ်။ အရင်းရှင်စနစ်ရဲ့ အဆုံးစွန်သော ဖောက်ပြန်မှုဖြစ်တဲ့ ကုပ်သွေးစုပ်အမြတ်ထုတ်မှုကို ကျင့်သုံးနေတဲ့ နိုင်ငံတွေ ဖြစ်တယ်လို့ ကမ္ဘာ့ပြည်သူအများစု တံတွေးခွက်မှာ ပက်လက်မျောနေတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။

ကမ္ဘာ့ပြည်သူတွေရဲ့ အဲဒီအတွေးအမြင်၊ အယူအဆတွေကို ပြောင်းလဲပစ်ဖို့အတွက် နည်းလမ်းရှာဖွေလာရတဲ့ အမေရိကန်အစိုးရအဆက်ဆက်ဟာ အယူဝါဒသဘောသက်ဝင်ပြီး လူသားတိုင်း သည်းခြေကြိုက်မယ့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးဆိုတဲ့ ဝေါဟာရကို ၎င်းတို့ရဲ့ပင်ကို နောက်ချေးပေါ်မှာ ရွှေမှုန်ကြဲပေးလိုက်တာပဲ ဖြစ်ပါတယ်။ အမှန်တကယ်ကတော့ လူ့အခွင့်အရေးဆိုတာကို နိုင်ငံရေးတိုက်ကွက်တစ်ခုအနေနဲ့ ခုတုံးလုပ်အသုံးချပြီး ကမ္ဘာ့ပြည်သူတွေကို နားလှည့်ပါးရိုက် လုပ်လိုက်တာပါပဲ။

မကြာခင်ကထုတ်ပြန်လိုက်တဲ့ အမေရိကန်အစိုးရရဲ့ လူ့အခွင့်အရေး နှစ်ပတ်လည် အစီရင်ခံစာမှာ ထုံးစံအတိုင်း သူတို့ အဓိကပစ်မှတ်ထားတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ရုရှား၊ အီရန်၊ မြောက်ကိုရီးယား၊ ကျူးဘား၊ ဘီလာရုစ်၊ မြန်မာစတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ လိုရာဆွဲပြီး ဖော်ပြထားတဲ့ သူတို့ရဲ့ အစီရင်ခံစာမှာ အဲဒီနိုင်ငံတွေဟာ နှစ်စဉ် ပါမြဲပါလေ့ရှိနေခဲ့ပါတယ်။

အဲဒီလို သူတို့ကိုယ်သူတို့ ကမ္ဘာ့လူ့အခွင့်အရေးဆိုင်ရာ တရားသူကြီးသဖွယ် စီမံခြယ်လှယ်နေတဲ့ အမေရိကန်အစိုးရရဲ့ လျှာနှစ်ခွလုပ်ရပ်အပေါ် သုံးသပ်ဝေဖန်ထားတဲ့ စာတမ်းတစ်စောင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်ဝေတဲ့ Beijing Reviewစာစောင် (၁၉၉၇၊ မတ်၁၇-၂၃)မှာ ဆောင်းပါးရှင် Ren Yanshiက A Look at the US Human Rights Record ခေါင်းစဉ်နဲ့ တုံ့ပြန်ရေးသားဖော်ပြခဲ့ပါတယ်။

ဆောင်းပါးရှင်က မျက်မှောက်ကာလမှာ ၎င်းတို့ကိုယ်နှိုက်က ကမ္ဘာ့လူ့အခွင့်အရေး အချိုးအဖောက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေတဲ့ အမေရိကန်နိုင်ငံနဲ့ ပတ်သက်ပြီး အကြောင်းအရာတစ်ခုချင်းအလိုက် ခေါင်းစဉ်တွေနဲ့ သုံးသပ်တင်ပြထားတာလေ့လာတွေ့ရှိနိုင်ပါတယ်။ အဲဒီသုံးသပ်တင်ပြချက်တွေကတော့-

(၁) အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြထားသော လူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်ပေးမှုများသည် နိုင်ငံတကာ အဆင့်အတန်းမမီခြင်း၊

(၂) အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီသည် ငွေသာပဓာန ဒီမိုကရေစီ ဖြစ်နေခြင်း၊

(၃) အမေရိကန်နိုင်ငံသည် အကြမ်းဖက်မှုများစွာ ဖြစ်ပွားရာနိုင်ငံ ဖြစ်နေခြင်း၊

(၄) အမေရိကန်နိုင်ငံ၏ ဆင်းရဲမွဲတေသူများ၊ အစာအာဟာရ ချို့တဲ့သူများနှင့် အိုးမဲ့အိမ်မဲ့ အခြေအနေများ၊

(၅) အမေရိကန်နိုင်ငံသည် လူမျိုးရေးခွဲခြားမှု အမြစ်စွဲနေသော နိုင်ငံ ဖြစ်ခြင်း၊

(၆) အမေရိကန်အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကြေကွဲဝမ်းနည်းဖွယ်ရာ အခြေအနေများ၊

(၇) ကိုယ့်မျက်ချေးကိုယ်မမြင်ဘဲ အခြားသောနိုင်ငံများကို လူ့အခွင့်အရေး အကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ဖျက်ဆီးနေသော အမေရိကန် နိုင်ငံ၏ လုပ်ရပ်များ

ဆိုပြီး အသေးစိတ် လေ့လာသုံးသပ်ဖော်ပြထားတာ ဖြစ်ပါတယ်။

အခုလည်းပဲ အမေရိကန်အစိုးရရဲ့ လူ့အခွင့်အရေးအစီရင်ခံစာအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးက ပြန်လည်တုံ့ပြန် ဝေဖန်နေကြတာကို လေ့လာတွေ့ရှိရပါတယ်။ မတ်လ ၉ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပုံမှန်သတင်းစာ ရှင်းလင်းပွဲမှာ အမေရိကန်အစိုးရရဲ့ အစီရင်ခံစာဟာ မဟုတ်မမှန် လုပ်ကြံဖော်ပြမှုဖြစ်ကြောင်း ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာလျက်ရှိကြောင်း၊ တရုတ်အစိုးရဟာ အရာရာတိုင်းမှာ ပြည်သူတို့အပေါ်ထားရှိတဲ့ မူဝါဒကို လေးစားလိုက်နာ စောင့်ထိန်းလျက်ရှိကြောင်း၊ ဥပဒေနဲ့အညီ ဒီမိုကရေစီနိုင်ငံ တိုးတက်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း ပြောကြားသွားပါတယ်။

ထို့အတူပဲ ရုရှားနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပုံတွေကို အမေရိကန်နိုင်ငံခြားရေးဌာနက ဝေဖန်တာဟာ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရေးကို ထိခိုက်နိုင်ကြောင်း၊ အမေရိကန်ရဲ့ အဲဒီအစီရင်ခံစာမှာ အဖြစ်မှန်တွေကို အလွဲလွဲအမှားမှားရေးထားပြီး မလိုတမျိုးလိုတမျိုး ဖော်ပြထားကြောင်း၊ အမေရိကန်ရဲ့ မူဝါဒဟာ ဘက်လိုက်တဲ့ မူဝါဒဖြစ်ကြောင်း၊ ရုရှားဆန့်ကျင်ရေးစိတ်ဓာတ်ကို မြှောက်ပင့်ပေးနေတာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန် ပြောကြားခဲ့ပါတယ်။

အလားတူပဲ ထိုင်းနိုင်ငံအပေါ် စွပ်စွဲချက်နဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်အစိုးရကို ပြစ်တင်ဝေဖန်ပြောဆိုခဲ့ပါတယ်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူက အစီရင်ခံစာမှာ ဖော်ပြထားတဲ့ စွပ်စွဲချက်တွေဟာ အမှန်တရားနဲ့ အလွန်ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းမှာ ကိုယ်ပိုင်အခြေအနေနဲ့ ထူးခြားသော စရိုက်လက္ခဏာများရှိကြောင်း၊ အခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို အမေရိကန်နိုင်ငံရဲ့ နှစ်သက်ရာ စံနှုန်းကို အသုံးပြုပြီး တိုင်းတာဆုံးဖြတ်ခြင်းဟာ မမှန်ကန်နိုင်ကြောင်း ရှင်းလင်းပြောကြားသွားပါတယ်။

ဗီယက်နမ်နိုင်ငံကလည်း အမေရိကန်ရဲ့ ၂၀၀၅ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာမှာ ဖော်ပြထားမှုတွေကို ပယ်ချလိုက်ပါတယ်။ အဲဒီအစီရင်ခံစာဟာ ချဲ့ကားရေးသားထားတာဖြစ်ပြီး အမေရိကန်တို့လိုရာကို ကောက်ချက်ဆွဲထားခြင်းသာဖြစ်ကြောင်း၊ သမိုင်းနောက်ခံ၊ယဉ်ကျေးမှုနဲ့ နိုင်ငံရေးစနစ်တွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီဘဲကွဲပြားမှုရှိကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံသမ္မတရဲ့ ပြောရေးဆိုခွင့်ရှိသူကလည်း အမေရိကန်ရဲ့ လူ့အခွင့်အရေး အစီရင်ခံစာမှာ ၎င်းတို့နိုင်ငံနဲ့ စပ်လျဉ်းပြီး ဖော်ပြထားမှုတွေဟာ ရေရေရာရာမရှိဘဲ၊ တရားမျှတမှုမရှိဘဲ ဖော်ပြထားခြင်းသာဖြစ်ကြောင်း၊ အဲဒီအစီရင်ခံစာကို ဖိလစ်ပိုင်အစိုးရက ပယ်ချလိုက်ကြောင်း ပြောကြားသွားပါတယ်။

အမေရိကန်ရဲ့ လူ့အခွင့်အရေးအစီရင်ခံစာထဲမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး တစ်ခါလာလည်း မဲပြာပုဆိုးဆိုသလို မဟုတ်မမှန် လုပ်ကြံပုတ်ခတ် စွပ်စွဲထားပြန်ပါတယ်။ အဲဒီလို လုပ်ကြံပုတ်ခတ်စွပ်စွဲနေတာဟာ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ အခင်းအကျင်းမှာ မြန်မာနိုင်ငံဟာ ဟိုးယခင်ကထက် မဟာဗျူဟာအရ ပိုပြီးတော့ အရေးပါတဲ့အခြေအနေကို ရောက်နေလို့ပဲဖြစ်ပါတယ်။ အမေရိကန်ဟာ ကမ္ဘာ့ပေါ်မှာ စူပါပါဝါနိုင်ငံဆိုပြီး ထင်ရာကိုလျှောက်လုပ်နေတာ လူတိုင်းအသိပဲ ဖြစ်ပါတယ်။

အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲပုတ်ခတ်မှုနဲ့ပတ်သက်လို့ BBC က Free Burma Coallation အဖွဲ့ဝင်ဖြစ်ပြီး အောက်စဖို့ဒ်တက္ကသိုလ်မှာ ဧည့်သည် သုတေသီပညာရှင်လုပ်နေတဲ့ ဒေါက်တာဇာနည်ရဲ့အမြင်ကို တွေ့ဆုံမေးမြန်းခဲ့တာ ကြားသိလိုက်ရပါတယ်။ ဒေါက်တာဇာနည်ရဲ့ ရှင်းလင်းပြောကြားချက်တွေကို ကောက်နုတ်ဖော်ပြရရင်-

"အမြင်အမျိုးမျိုးရှိတဲ့အခါကျတော့ တာဝန်မဲ့ဆိုတာက နိုင်ငံတော်ကို၊ ကျွန်တော်တို့ မြန်မာပြည်ကို မပြိုကွဲအောင်ထိန်းထားတဲ့နေရာမှာ တာဝန်မဲ့လို့ ကျွန်တော်တို့ သွားပြောလို့ မရဘူး။ ဒီဟာကတော့ ဘယ်ဘက်ကကြည့်တယ်ဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက လွတ်လပ်ရေးရကတည်းက၊ ၁၉၄၈ကတည်းက ဦးနုအစိုးရကို ရန်ကုန်အစိုးရလို့ခေါ်တဲ့ အဆင့်မျိုးအထိ ရောက်ခဲ့တာကိုး။ အဲဒီလိုမျိုး အခြေအနေနဲ့ယှဉ်မယ်၊ ဦးနေဝင်းခေတ်တုန်းက အညိုရောင်နယ်မြေ၊ အနက်ရောင်နယ်မြေဆိုပြီးတော့ ကချင်ပြည်နယ် တောင်မှ၊ မြစ်ကြီးနားတောင်မှ မန္တလေးနဲ့ ရန်ကုန်က လူတွေသွားဖို့ အခက်အခဲ ရှိခဲ့တာကိုး။ လက်ရှိအုပ်ချုပ်နေတဲ့ အစိုးရဘက်ကကြည့်တော့လည်း ငြိမ်းချမ်းရေးအဖွဲ့ ၁၇ဖွဲ့လောက် သူတို့အားလုံး ပြေလည်အောင် စကားပြောကြတယ်။ နိုင်ငံကို ထိန်းထားတဲ့နေရာမှာ အလွန်အောင်မြင်တဲ့လုပ်ငန်းလို့ သူတို့ဘက်က မြင်တယ်။ ကျွန်တော်တို့ သဘောတူတာ၊ မတူတာကတစ်ကဏ္ဍ။ အိန္ဒိယတို့၊ တရုတ်နိုင်ငံတို့က အများကြီးတိုးတက်နေတဲ့အချိန်မှာ ကျွန်တော်တို့ နိုင်ငံမှာ ကိုယ့်အချင်းချင်း မပြေလည်လို့ ပြဿနာဖြစ်နေတာ အနှစ်၅၀၊ ၆၀လောက် ရှိလာတဲ့အခါမှာ ဒါကတော့ ဆုံးရှုံးတယ်လို့၊ နစ်နာတယ်လို့ ပြောရမှာပေါ့။

"ဒါပေမယ့် အခုဟာက၊ ပြဿနာက လူ့အခွင့်အရေးကို အနောက်နိုင်ငံတွေက အော်နေပေမယ့် သူတို့ကိုယ်တိုင်က အီရတ်နိုင်ငံမှာ တစ်စစီဖြစ်သွားအောင်ဖျက်ပစ်လိုက်တယ်။ အာဖဂန်နစ္စတန်ကို ဝင်တိုက်တယ်။ ကျွန်တော်ပြောတာက ကျွန်တော်တို့တွေက ဒီကမ္ဘာကြီးက လူ့အခွင့်အရေးလို့ အော်လိုက်တာနဲ့ ကျွန်တော်တို့က လိုက်အော်စရာမလိုဘူး။ ပါးစပ်ကတော့ ဘုရားဘုရားလို့ပြောတယ်၊ လက်ကတော့ ကားရား ကားရားလုပ်နေတဲ့ အနေထားမျိုးမှာ သူတို့ရဲ့ ထောက်ခံမှုပါမှ ကျွန်တော်တို့နိုင်ငံ ပြေလည်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘယ်တော့မှ ပြေလည်မှာမဟုတ်ဘူး။ ပြည်တွင်း ပြဿနာက ပြည်တွင်းမှာပဲရှိပါတယ်။

"အမြဲတမ်း အမေရိကန်နိုင်ငံက လူသားတွေရဲ့ လွတ်မြောက်မှုအတွက် လုပ်ပါတယ်ဆိုတာ ပြောပြီးတော့ တစ်ဖက်ကလည်း မကောင်းတာတွေ လုပ်နေတာ အများကြီးရှိတယ်။ တစ်ချိန်တုန်းက အမေရိကန်မှာ ကျွန်တော်တို့ နေခဲ့တယ်၊ ပညာသင်ခဲ့တယ်၊ သူ့ရဲ့ အကူအညီယူပြီးတော့ ကျွန်တော်တို့ ကင်မ်ပိန်းတွေ၊ မီဒီယာတွေ လုပ်ခဲ့တယ်ဆိုတာက အမေရိကန်နိုင်ငံရဲ့ အကူအညီကို ယူပြီးတော့ ကျွန်တော်တို့နိုင်ငံအဖြေကို ဖြေရှင်းလို့ရမလားဆိုတဲ့ သဘောထားမျိုးနဲ့ လုပ်တာလေ။ အမေရိကန်နိုင်ငံရဲ့ အကူအညီကို ယူပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့အခြေအနေကို ပြောင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၅နှစ်ရှိပြီ။ အမေရိကန်အကူအညီ၊ အနောက်နိုင်ငံတွေ အကူအညီ ယူပြီးတော့ အော်လိုက်၊ ကင်မ်ပိန်း အမျိုးမျိုး လုပ်လိုက်၊ ဘာမှမဖြစ်လာဘူး။ လူထုကပဲ နစ်နာပြီးတော့ ကျွန်တော်တို့က ကျွန်တော်တို့နဲ့ တစ်သက်လုံး နေရမယ့်၊ တစ်သက်လုံးလည်း ရှိနေမယ့် စစ်တပ်ကို ဘယ်လိုမှ ပြေလည်အောင် လုပ်လို့မရဘူး။ ကျွန်တော်တို့က အမျိုးသား ရင်ကြားစေ့ရေးကို လိုချင်တယ်ဆိုရင် အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြေလည်ချင်တယ်ဆိုရင်တော့ ပြေလည်ချင်တဲ့ အပေါက်ကို ချိုးရမှာပေါ့"ဟူ၍ ၎င်း၏ အမြင်ကို ရှင်းလင်းပြောကြား သွားပါတယ်။

အခုဖော်ပြခဲ့တဲ့အကြောင်းအချက်တွေကို ဆက်စပ်ကြည့်မယ်ဆိုရင် ကမ္ဘာ့ပေါ်မှာ အမေရိကန်အစိုးရက ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေတယ်ဆိုတာကို သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။ အမေရိကန်နဲ့ အပေါင်းပါတွေဟာ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးဆိုပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ်မှာ မမှန်မကန်တဲ့ စွပ်စွဲချက်တွေနဲ့ တစ်ဖက်သတ်ဖိအားပေးနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ကမ္ဘာ့ပြည်သူတိုင်း မြင်တွေ့ကြားသိနေတဲ့ အမေရိကန်ရဲ့ နိုင့်ထက်စီးနင်း ကျူးလွန်မှုတွေကို အဲဒီအစီရင်ခံစာထဲမှာ တစ်ခုမျှ မဖော်ပြထားတာဟာ အမေရိကန် အစိုးရက ကမ္ဘာ့ပြည်သူတွေကို နားလှည့်ပါးရိုက် လုပ်လိုက်တာပါပဲ။ အာဖဂန်နစ္စတန်၊ အီရတ်နဲ့ ဂွာတာနာမို အကျဉ်းစခန်းတွေမှာ အကျဉ်းသားတွေကို အမေရိကန်စစ်တပ်ရဲ့ နိုင့်ထက်စီးနင်းလုပ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ လူသားချင်းမစာမနာ ညှဉ်းပန်းနှိပ်စက်မှုတွေကို ဖော်ပြမထားလို့ နိုင်ငံတကာက ပြင်းပြင်းထန်ထန် တုံ့ပြန်ဝေဖန်နေကြပါပြီ။ အမေရိကန်အစိုးရရဲ့ ဗိုက်ထဲမှာ အူဘယ်နှစ်ခွေရှိတယ်ဆိုတာကို အားလုံးကသိနေကြပါပြီ။

ဒါပေမယ့် အမေရိကန်နဲ့ အပေါင်းပါတွေရဲ့အလိုကျ ကြိုးဆွဲရာကနေကြရတဲ့ နိုင်ငံရေးပါတီတွေ၊ အကြမ်းဖက်အဖွဲ့တွေ၊ လက်ဝေခံပြည်ပြေးတွေကတော့ ရေငုံနှုတ်ပိတ်လုပ်ပြီး ငြိမ်သက်ထောက်ခံနေကြပါတယ်။ သခင်အားရ ကျွန်ပါးဝ လုပ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလို့ အသံကောင်းဟစ်နေကြပေမယ့် အမှန်တကယ်မှာ ဒီမိုကရေစီဝါဒီများမဟုတ်ဘဲ ဆရာမွေး၊ တပည့်မွေး ဝါဒသမားတွေသာ ဖြစ်နေကြလို့ပါပဲ။ ပါးစပ်က လူ့အခွင့်အရေး၊ လူ့အခွင့်အရေးလို့ အော်နေပေမယ့် သူတို့တစ်တွေ တကယ်လုပ်နေတာက ပြည်သူလူထုရဲ့ လူ့အခွင့်အရေးကို စွက်ဖက်လုယက်ဖျက်ဆီးတာပဲ ဖြစ်ပါတယ်။ ။

အမေရိကန်နဲ့ အပေါင်းပါတွေရဲ့အလိုကျ ကြိုးဆွဲရာကနေကြရတဲ့ နိုင်ငံရေးပါတီတွေ၊ အကြမ်းဖက်အဖွဲ့တွေ၊ လက်ဝေခံပြည်ပြေးတွေကတော့ ရေငုံနှုတ်ပိတ်လုပ်ပြီး ငြိမ်သက်ထောက်ခံနေကြပါတယ်။ သခင်အားရ ကျွန်ပါးဝ လုပ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလို့ အသံကောင်းဟစ်နေကြပေမယ့် အမှန်တကယ်မှာ ဒီမိုကရေစီဝါဒီများမဟုတ်ဘဲ ဆရာမွေး၊ တပည့်မွေး ဝါဒသမားတွေသာ ဖြစ်နေကြလို့ပါပဲ။

နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းအခွန် မလေးရှားတိုးမြှင့်ကောက်ခံမည်

ကွာလာလမ်ပူ မတ် ၁၅

မလေးရှားနိုင်ငံသည် နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်း နှစ်ခုစလုံးအတွက် လေဆိပ်အခွန်ကို မကြာမီတိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း နယူးစထရိတ်စ်တိုင်းမ်သတင်းစာက မတ် ၁၃ရက်တွင် ဖော်ပြသည်။

မလေးရှားအစိုးရသည် အခွန်တိုးမြှင့်ကောက်ခံခြင်းကို မတ် ၁၅ရက်ထက် စောစွာ ကောက်ခံသွားမည်ဟု မျှော်လင့်ရကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်၏ပြောကြားချက်ကို ကိုးကား၍ သတင်းစာကဖော်ပြသည်။

ပေးဆောင်ရမည်

ခရီးသွားသူသည် နိုင်ငံတကာလေကြောင်းအတွက် ရင်းဂစ် ၆၀ (အမေရိကန်ဒေါ်လာ ၁၅ဒသမ၉၅)နှင့် ရင်းဂစ် ၆၅ (အမေရိကန်ဒေါ်လာ ၁၇ဒသမ၂၈) အကြား ပေးဆောင်ရမည်ဖြစ်ပြီး ပြည်တွင်းလေကြောင်းအတွက် ၁၀ရင်းဂစ် (အမေရိကန်ဒေါ်လာ ၂ဒသမ၆၆)နှင့် ၁၂ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၃ဒသမ ၁၉)အကြား ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။

လက်ရှိနှုန်းထားမှာ နိုင်ငံတကာလေကြောင်းအတွက် ၅၄ရင်းဂစ်(အမေရိကန်ဒေါ်လာ ၁၁ဒသမ၉၆)နှင့် ပြည်တွင်းလေကြောင်းအတွက် ၆ရင်းဂစ်(အမေရိကန်ဒေါ်လာ ၁ဒသမ၅၉)ဖြစ်သည်။

ဈေးနှုန်းမြှင့်တင်

အိမ်နီးချင်းနိုင်ငံများရှိ လေဆိပ်များစွာတွင် ၎င်းတို့၏အခွန်နှုန်းထားကို ၂၀၀၁ ခုနှစ်ကတည်းက တိုးမြှင့်ကောက်ခံခဲ့သော်လည်း မလေးရှားနိုင်ငံသည် ဈေးနှုန်းမြှင့်တင်ရန် ကျန်ရှိလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ

တရုတ်၌ မူပိုင်ခွင့်ချိုးဖောက်ခြင်း တားဆီးနှိမ်နင်း

ပေကျင်း မတ် ၁၆

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် ခေါင်းလျှော်ရည်ဘူးအတုများကို ရဲတပ်ဖွဲ့က သိမ်းဆည်းဖျက်ဆီးပစ်နေသည်ကို မတ် ၁၃ရက်က တွေ့ရခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံသည် မူပိုင်ခွင့်ကို ချိုးဖောက်၍ လိုင်စင်မဲ့ပစ္စည်းများ ထုတ်လုပ်နေခြင်းကို တားဆီးနှိမ်နင်းလျက်ရှိသည်။ လိုင်စင်မဲ့ပစ္စည်း များတွင် အမျိုးသမီးအသုံးအဆောင်လက်ဆွဲအိတ်များမှနေ၍ ဆော့ဝဲလ်များအထိ ပါဝင်ခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများကိုလည်း ၎င်းတို့၏ မူပိုင်ကို ချိုးဖောက်လျှင် တရားရုံးများတွင် တရားစွဲဆိုကြရန် တိုက်တွန်းထားသည်။ **(အင်တာနက်)**

အီဂျစ်နိုင်ငံ ဂိုင်ဇာဒေသရှိ ရှေးဟောင်းသမိုင်းဝင် အထိမ်းအမှတ် လူ့ခေါင်းနှင့် ခြင်္သေ့ကိုယ်ပါ ရုပ်တုနှင့် ပိရမစ်များကို မတ် ၁၅ရက် က တွေ့ရစဉ်။

(အီဂျစ် ရှေးဘုရင်များ၏ အထိမ်းအမှတ်ရုပ်တုနှင့် ပိရမစ်များကို အရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် ပြန်လည်ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေကြောင်း အီဂျစ်ယဉ်ကျေးမှုဝန်ကြီးဌာနက ပြောကြားသည်။)

(ဓာတ်ပုံ-အင်တာနက်)

စနေဂြိုဟ်၏ အရံဂြိုဟ် အင်စဲလဒပ်စ်တွင် သမုဒ္ဒရာတစ်စင်းရှိနိုင်

ဝါရှင်တန် မတ် ၁၆

စနေဂြိုဟ်၏ အရံဂြိုဟ်တစ်ခုဖြစ်သော အင်စဲလဒပ်စ်၏ ရေခဲ၍ တင်းမာနေသော မျက်နှာပြင်အောက်တွင် သမုဒ္ဒရာတစ်စင်း ရှိနိုင်ကြောင်း ကက်ဆီနီ အာကာသယာဉ်မှ ပြန်လည်ပေးပို့သော အချက်အလက်များအရ သိရသည်။

ကက်ဆီနီအာကာသယာဉ် စနေဂြိုဟ်သို့ ရောက်ရှိသည့်တိုင်အောင် အဆိုပါ သေးငယ်သော အင်စဲလဒပ်စ်ဂြိုဟ်ကို အာရုံစိုက်မှုမရှိသလောက်ပင် ဖြစ်သည်။ သို့သော် အင်စဲလဒပ်စ်လသည် ဘူမိဗေဒသဘောအရ ရှင်သန်လှုပ်ရှားနေသည်ကို တွေ့ရှိရပြီးနောက် ယခုအခါ ယင်းကိုပင် မီးမောင်းထိုးစူးစမ်းလေ့လာ လျက်ရှိသည်။

ရေပူစမ်းများဖြစ်ပေါ်စေသည့် ရေလှောင်ကန်များ မျက်နှာပြင်အနီးတွင် ရှိကောင်းရှိမည်ဟု သိပ္ပံပညာရှင်များက ငြင်းခုန်နေကြသဖြင့် အင်စဲလဒပ်စ်တွင် ရေရှိလျှင် သက်ရှိများ ရှိနိုင်ကြောင်း ပြောကြားသည်။ အင်စဲလဒပ်စ်လ၏ တောင်ဝင်ရိုးစွန်းဒေသရှိ ရေပူစမ်းမှ အခိုးအငွေ့များ ပန်းထွက်နေသည်ကို တွေ့မြင်ရသည်။ ရေပူစမ်းများမှာလည်း အမေရိကန်နိုင်ငံ ရဲလိုးစတုန်း အမျိုးသားဉယျာဉ်၌ တွေ့ရသော ရေပူစမ်း အမျိုးအစားနှင့် တူညီသည်ဆို၏။

ကွင်းတစ်ခုဖြစ်ပေါ်လာစေ

ကြာသပတေးဂြိုဟ်၏ ယူရိုပါ လမှ ရေခဲနေသော မျက်နှာပြင်အောက်၌ ဆားရည်သမုဒ္ဒရာတစ်စင်းရှိသည်ဟု ယူဆသည်။ နက်ပကျွန်းဂြိုဟ်၏ ထရိုင်တန်လတွင် အေးမြသောမီးတောင်မျက်နှာပြင်ရှိပြီး ယင်းမှ နိုက်ထရိုဂျင်အငွေ့များ မှုတ်ထုတ်သည်။ စနေဂြိုဟ်၏ အင်စဲလဒပ်စ်က ရေခိုးရေငွေ့များ ပန်းထွက်သဖြင့် စနေဂြိုဟ်ကို ပတ်ထားသည့် ကွင်းတစ်ခုဖြစ်ပေါ်လာစေနိုင်သည်ဆို၏။ **(အင်တာနက်)**

တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ နိုင်ငံခြားသားများခိုးယူလျက်ရှိသည်ဟုဆို

ပေကျင်း မတ် ၁၆

နိုင်ငံခြားသားများသည် တရုတ်နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို ခိုးယူခြင်း၊ ရိုးရာထုံးတမ်းစဉ်လာဓလေ့များ၊ အလှအပပစ္စည်းများ၊ ရှားပါးသည့် လူ့အသုံးအဆောင်ပစ္စည်းများနှင့် တရုတ်ရှေးခေတ်လူနည်းစုဒေသမှ အခြားပစ္စည်းများ ခိုးယူခြင်းများကို ပြုမူဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာတစ်စောင်က မတ် ၁၃ ရက်တွင်ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်တောင်ဘက်ရှိ မိုင်အိုလူနည်းစုဒေသ၏ ဓလေ့ထုံးစံများနှင့် လက်ဝတ်လက်စားများမှာ နိုင်ငံခြားသားများ၏ ပစ်မှတ်များဖြစ်နေကြောင်း မစ္စတာကျို့က ပြောကြားသည်။

သတင်းစာတွင် မည်သည့်နိုင်ငံဟု သီးသန့်ဖော်ပြထားခြင်းမရှိသော်လည်း မိုင်အိုခေတ်လူ့အသုံးအဆောင်ပစ္စည်းများကို စုဆောင်းထားရှိသည့် ပြင်သစ်နိုင်ငံရှိ ပုဂ္ဂလိက ပြတိုက်တစ်ခုဖြစ်ကြောင်း ဒေသခံသတင်းစာတစ်စောင်ကို ကိုးကား၍ဖော်ပြသည်။ ယခုကဲ့သို့ ရတနာများဆုံးရှုံးနေမှုသည် မိမိတို့၏လူနည်းစုများနှင့် ရိုးရာ ယဉ်ကျေးမှုများကို ခြိမ်းခြောက်ခြင်းနှင့်တူနေသဖြင့် ယင်းကိစ္စကို စစ်ဆေးသုံးသပ် ရမည်ဖြစ်ကြောင်း မစ္စတာကျို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဆင်များ ဘူဖေးစားသောက်ပွဲ

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ပြည်နယ် မဲဆာဆင်စခန်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်များ ဘူဖေးစားသောက်ပွဲကျင်းပနေသည်ကို မတ် ၁၃ ရက်က တွေ့ရခြင်းဖြစ်သည်။ **(ယာပုံ)**

ဆင်များ ဘူဖေးစားသောက်ပွဲတွင် ဆင်များစားသောက်ရန်အတွက် သစ်သီး ဝလံအမျိုးမျိုးပါဝင်သော စားသောက်ဖွယ်ရာများကို ပြင်ဆင်ထားပြီး ဆင်များအား ပျော်ရွှင်စွာ အတူတကွ စားသုံးစေခဲ့သည်။ ယင်းပွဲကို နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆင်အကောင်ရေ ၇၀ပါဝင် ဆင်နွှဲခဲ့ကြသည်။ **(အင်တာနက်)**

တရုတ်ပြည်သူများ အင်တာနက်ကို ဥပဒေနှင့်အညီ အသုံးပြုရန် တိုက်တွန်း

ပေကျင်း မတ် ၁၆

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟူပြည်နယ် ဟီဖိမြို့ရှိအင်တာနက်ကဖီးတွင် အင်တာနက်အသုံးပြုနေသော တရုတ်ပြည်သူများကို မတ် ၁၄ရက် က တွေ့ရခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

တရုတ်ပြည်သူအများအပြားသည် အင်တာနက်အသုံးပြုခွင့် အခွင့်အရေးများကို ရရှိလျက်ရှိသည်။ သို့သော် အင်တာနက်အသုံးပြုသူ ပြည်သူများသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေနှင့်အမိန့်ညွှန်ကြားချက်များကို လိုက်နာပြီး အမျိုးသားရေး၊လူ့ဘောင်ဘဝနှင့် အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဟု ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသွားသည်။ **(အင်တာနက်)**

စီဘီအက်စ်ဘဏ်အား ကန်၏အရေးယူဆောင်ရွက်မှု ဆီးရီးယားဘဏ္ဍာရေးဝန်ကြီး ပြင်းထန်စွာတုံ့ပြန်

ဒမက်စကတ် မတ် ၁၆

ဆီးရီးယားဘဏ်တစ်ခုအား အမေရိကန် အရေးယူဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍ ဆီးရီးယားဘဏ္ဍာရေးဝန်ကြီး မိုဟာမက်အယ်လ် ဟူစိန်က မတ် ၁၃ ရက်က ပြင်းထန်စွာ တုံ့ပြန်လိုက်သည်။

ယင်းကိစ္စသည်ဘဏ္ဍာရေးဆိုင်ရာ အကြောင်းများမပါဘဲ နိုင်ငံရေးကို အခြေခံ၍ ပြုလုပ်ခြင်းသာဖြစ်သည်ဟု ဟူစိန်က ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံမြို့တော်တွင် တနင်္လာနေ့က စတင်ကျင်းပခဲ့သည့် အစ္စလမ္မစ်ဘဏ်များဆိုင်ရာ ညီလာခံ၏ ဖွင့်ပွဲနေ့တွင် မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ယင်း ညီလာခံသို့ ဗြိတိန်၊ ပါကစ္စတန်၊ နိုင်ဂျီရီးယားနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများ အပါအဝင် အာရပ်နိုင်ငံများမှ ဘဏ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆီးရီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဘဏ်(စီဘီအက်စ်)ကို အကြမ်းဖက်သမားများက ဘဏ္ဍာငွေပြောင်းရွှေ့ရန်နှင့် အီရတ်ရေနံ တရားမဝင်ရောင်းဝယ်မှုမှ ရရှိသော ငွေမည်းများကို ငွေဖြူဖြစ်အောင် ပြုလုပ်ရန်အတွက် အသုံးချနေကြောင်း ဝါရှင်တန်မှ စွပ်စွဲပြောကြားခဲ့သည်။

အမေရိကန် စွပ်စွဲချက်များကို ကန့်ကွက် ပယ်ချလိုက်ပြီး ဟူစိန်က အမေရိကန်၏ ဆုံးဖြတ်ချက်သည် နိုင်ငံရေးကို အခြေခံ၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆီးရီးယား နိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

အကြမ်းဖက်သမားများအား အထောက်အပံ့ပေးနေသည်ဟု သက်သေ အထောက်အထားမခိုင်လုံသော စွပ်စွဲချက်များဖြင့် အမေရိကန်က ဆီးရီးယားနိုင်ငံအား ၂၀၀၄ ခုနှစ် မေလကစ၍ စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့ဒေသ ၂၀၌ တိရစ္ဆာန် မျိုးသုဉ်းနိုင်ဖွယ်ရှိ သိပ္ပံပညာရှင်များ လေ့လာဖော်ထုတ်ပြသ

လန်ဒန် မတ် ၁၆

တိရစ္ဆာန်များ လောလောဆယ် မျိုးသုဉ်းမည့် အန္တရာယ်မကြုံရသေးသော်လည်း မကြာမီ အနာဂတ်တွင် ကြုံတွေ့နိုင်ဖွယ်ရှိသည့် ကမ္ဘာပေါ်မှ ဒေသ ၂၀ကို သိပ္ပံပညာရှင်များက လေ့လာဖော်ထုတ်ပြသလိုက်သည်။

မကြာမီ တိရစ္ဆာန်များ မျိုးသုဉ်းမည့် ဒေသများတွင် ဂရင်လန်ကျွန်း၊ ဆိုက်ဘေးရီးယားမှ မြောက်ဝန်ရိုးစွန်းနှင့် သစ်ပင်ပေါက်ရောက်ရာ နေရာများအကြားရှိ ဟင်းလင်းပြင်ဒေသ၊ ကာရစ်ဘီယံကျွန်းများနှင့် အရှေ့တောင် အာရှမှ အချို့ဒေသတို့ ပါဝင်သည်။

လန်ဒန်အခြေစိုက် သိပ္ပံသုတေသီများအဖွဲ့က ၎င်းတို့၏ လေ့လာဖော်ထုတ်မှုက သဘာဝဝန်းကျင်မြတ်နိုးသူများအား တိရစ္ဆာန်များ မျိုးသုဉ်းမှု မဖြစ်စေရေး ကြားဝင်ဆောင်ရွက်လာအောင် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ထားသည်။

တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ဒေသများမှာ မြောက်ပိုင်းကနေဒါနှင့် အလာစကာ၊ ဂရင်းလန်၊ ဆိုက်ဘေးရီးယား ဟင်းလင်းပြင်၊ အရှေ့ပိုင်း ကနေဒါ သစ်တောများ၊ ဘာဟားမားဒေသ၊ အရှေ့ပိုင်းအိန္ဒိယကုန်းမြင့်ဒေသ၊ တောင်ပိုင်းပိုလီနီးရှား၊ လတ်ဆာအင်တီလက်စ်၊ ကပ္ပလီကျွန်းနှင့် နာကိုဘာကျွန်း၊ ဘော်နီယို၊ ဆူလာဝေဆီ၊ မိုလပ်ကပ်စ်၊ နယူးဂီနီ၊ ပါတိဂိုနီယံကမ်းခြေ၊ မလေးရှားကျွန်းဆွယ်၊ ဆုမတြား၊ အနောက်ဂျဗား၊ နူဆာတင်ဂါရာ၊တပ်စမေးနီးယားနှင့် ဘတ်စ်ရေလက်ကြား၊ မေကနီးရှား၊အိန္ဒိယသမုဒ္ဒရာကျွန်းများ ဖြစ်သည်။

ဤဒေသများတွင် လောလောဆယ် တိရစ္ဆာန်များ မျိုးသုဉ်းမည့် စာရင်းတွင် ထိပ်ဆုံးမှမပါဝင်သည့်တိုင်အောင် အနာဂတ်တွင် လျင်မြန်စွာ မျိုးသုဉ်း သွားနိုင်သည်ဆို၏။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် တိရစ္ဆာန် မျိုးစိတ်ကို တွေ့ရစဉ်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အရှည်ဆုံးဟော့ဒေါ့

ကမ္ဘာ့အရှည်ဆုံး ဟော့ဒေါ့ကြီးတစ်ခုကို ပြသထားစဉ်။

(ဝဲပုံ)

အဆိုပါ ဟော့ဒေါ့ကို ချီကာဂိုမြို့တွင် ကျင်းပသည့် အစားအစာပွဲတော်တစ်ခုတွင် ပြသထားခြင်းဖြစ်ပြီး ၎င်း ဟော့ဒေါ့မှာ အရှည် ၁၆ပေ ၁လက်မရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၀၁ ခုနှစ်က ကမ္ဘာ့ အရှည်ဆုံး ဟော့ဒေါ့မှာ ၁၅ပေ ၃လက်မ ရှိရာ ယခု ဟော့ဒေါ့မှာ ၁၆ပေ ၁လက်မ ရှိသဖြင့် ကမ္ဘာ့အရှည်ဆုံး ဟော့ဒေါ့အဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည် ဖြစ်သည်။ **(အင်တာနက်)**

နှစ်ပေါင်း ၁၀၀၀ခန့်က ရေနွေးကရား

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ခန့်က ရေနွေးကရား တစ်အိုးကို တွေ့ရစဉ်။

(ယာပုံ)

အဆိုပါရေနွေးကရားမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ခန့်က ဂျာဗားပင်လယ်ပြင်တွင် နစ်မြုပ်ခဲ့သော ကုန်တင်သင်္ဘောမှ ပစ္စည်းတစ်ခုဖြစ်ပြီး သင်္ဘောပျက်ရှာဖွေရေးအဖွဲ့တစ်ခုမှ အင်ဒိုနီးရှား အစိုးရက သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။ ၎င်းရေနွေးအိုးသည် မြေနှင့် စဥ့်များဖြင့် ပြုလုပ်ထားပြီး ပန်းပွင့်များနှင့် အလှဖော် ခြယ်မှုန်းထားသည်။

(အင်တာနက်)



အီရတ်သို့ လက်နက်များခိုးသွင်းမှု အီရန်၌တာဝန်မရှိဟု အမေရိကန် ဗိုလ်ချုပ်ကြီး ပီတာပေ့စ် ပြောကြား

ဝါရှင်တန် မတ် ၁၆

အီရတ်နိုင်ငံအတွင်း စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် စစ်လက်နက်များ ခိုးသွင်းမှုတွင် အီရန်အစိုးရ၌ တာဝန်ရှိသည့် အထောက်အထား သက်သေဟူ၍ အမေရိကန် ပြည်ထောင်စုက မတွေ့ရှိရကြောင်းဖြင့် အမေရိကန်ပူးတွဲစစ်ဦးစီးများအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပီတာပေ့စ်က အင်္ဂါနေ့၌ ပြောကြားသည်။

အီရတ်မှ လမ်းဘေးဗုံးများတွင် အီရန်မှ အစိတ်အပိုင်းအချို့တွေ့ရကြောင်း အမေရိကန်သမ္မတဘုရှ်က တနင်္လာနေ့၌ ပြောကြားသည်။ ထို့ပြင် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များကို အီရတ်၌ တွေ့ရကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲကလွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပြောကြားထားသည်။

အီရတ်၌ အကြမ်းဖက်မှုပိုမိုကြီးထွားလာခြင်းတွင် နောက်ကွယ်မှ အီရန်ပါဝင်ကြောင်း သက်သေခံအထောက်အထားရှိမရှိ မေးမြန်းရာတွင် မတွေ့မြင်ကြောင်းဖြင့် ဗိုလ်ချုပ်ကြီးပီတာပေ့စ်က သတင်းစာရှင်းပွဲတွင် အင်္ဂါနေ့၌ ဖြေကြားလိုက်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယူးယောက်ရှိ ဆယ်ကျော်သက်များ အစာအဆိပ်သင့်မှု မကြာခဏဖြစ်ပေါ်

နယူးယောက် မတ် ၁၆

အစားအစာအညွှန်းစာတမ်းကို မဖတ်ကြခြင်း သို့မဟုတ် အညွှန်းစာတမ်းတွင် အစာအဆိပ်သင့်နိုင်သည်ဟူ၍ ညွှန်းထားပါလျက် တမင်တကာ စားသုံးခြင်းကဲ့သို့ အရဲစွန့်သည့် အပြုအမူများကြောင့် ဆယ်ကျော်သက် အများအပြားမှာ အစာအဆိပ်သင့်သည့်ဒဏ်ကို ခံခဲ့ရကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

လေ့လာချက်

အစာအဆိပ်သင့်သည့်ဒဏ် ပြင်းထန်စွာခံရသည့် ဆယ်ကျော်သက်များ အနက် ၇၅ ရာခိုင်နှုန်းသည် မြေပဲကြောင့်ဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှာ နို့ကြောင့်ဖြစ်ကာ ၇၅ ရာခိုင်နှုန်းမှာ အစာနှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ စားသုံးခြင်းကြောင့်ဖြစ်ကြောင်း၊ ၈၂ ရာခိုင်နှုန်းကမူ ၎င်းတို့၏ ဘဝတာ အတွင်း တစ်ခါတစ်ရံ အဆိပ်သင့်သည့် တုံ့ပြန်မှုကို ခံစားရပြီး ၅၂ ရာခိုင်နှုန်းမှာ သုံးကြိမ်ထက်ပို၍ ခံစားရကြောင်း လေ့လာချက်အရ သိရှိရသည်။

ဆယ်ကျော်သက်အရွယ်များသည် အညွှန်းစာတမ်းတွင် အဆိပ်သင့်နိုင်သည်ဟု ဖော်ပြထားပါလျက် စားသုံးကြသည်ဟု လေ့လာချက်တွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ကလေးများ၏ အတွေး၊ အရေး၊ တီထွင်ဖန်တီးမှုမှသည် အနာဂတ်ပန်းချီကျော်များ ပေါ်ထွန်းလာနိုင်

သတင်းဆောင်းပါး–မြင့်စိုး၊ ဓာတ်ပုံ–သိန်းဝင်းလေး၊ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၆

ပန်းချီပညာသည် မြန်မာ့ရိုးရာပန်း၁၀ မျိုးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ မြန်မာ့ပန်းချီပညာသည် ပုဂံခေတ်မှစပြီး တိုးတက်ထွန်းကားလာခဲ့သည်။ ရှေးပုဂံဘုရားစေတီပုထိုးများအတွင်း နံရံဆေးရေးပန်းချီများကိုယနေ့တိုင်တွေ့မြင်နိုင်သည်။

ယဉ်ကျေးမှုအမွေအနှစ်

ကမ္ဘာကျော်ပန်းချီဆရာများ၏ လက်ရာပန်းချီကားများသည် ယနေ့ခေတ်တွင်ဒေါ်လာသန်းနှင့်ချီ၍ ရရှိနေသည်။ ယင်းပန်းချီဆရာများ၏ ပန်းချီပညာထက် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တန်ဖိုးထားလာကြ၍ အဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများသဖွယ်ဖြစ်လာရသည်။

ထိုကဲ့သို့ ပန်းချီလက်ရာကောင်းများရေးဆွဲနိုင်ရန်မှာ အခြေခံပန်းချီပညာ သင်ကြားတတ်မြောက်ရန် အလွန်ပင်အရေးကြီးသည်။ ကလေးဘဝကျောင်းသားအရွယ်တွင်ပန်းချီအခြေခံများ တတ်မြောက်လာလျှင် အရွယ်ရောက်သည့်အခါ ကျွမ်းကျင်ပန်းချီပညာရှင်များဖြစ်လာနိုင်သည်။ ပန်းချီအကျော်အမော်များလည်း ဖြစ်လာနိုင်သည်။

တွေ့ဆုံမေးမြန်း

သို့ဖြစ်၍ကလေးငယ်ကျောင်းသားများကို ပန်းချီပညာသင်ကြားပေးနေသော ဆန်းဖလားဝါးကလပ်မှ ပန်းချီဆရာမ မချောအိသိမ်းနှင့် ပန်းဆိုးတန်းလမ်း အမှတ် ၆၂ရှိ လောကနတ်ပန်းချီပြပွဲတွင် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ပြခန်းကို ရောက်သည်ဆိုသည်နှင့် ကလေးငယ်များ ရေးဆွဲထားသော ပန်းချီကားများကို လှည့်လည်ကြည့်ရှုခဲ့သည်။ ကလေးငယ်များသည် ၎င်းတို့၏ စိတ်ကူးစိတ်သန်း ရှိရာများကို ဖန်တီးရေးဆွဲထားပုံရသည်။ လူပုံများ၊ အိမ်ပုံများ၊ ရှုခင်းပုံများကို တွေ့ရသည်။ ပန်းချီကားများမှာ လက်ရာမြောက်လှသည့် ပန်းချီကားများဟု မဆိုနိုင်သော်လည်း အခြေခံ ပန်းချီပညာကို နားလည်တတ်ကျွမ်းသူများအတွက် တန်ဖိုးရှိ ပန်းချီကားများဖြစ်နေသည်။

ပြခန်းတွင် ပန်းချီကားများကို ဆေးရောင်စုံသက်သက်ဖြင့် ရေးဆွဲထားခြင်းမျိုး မဟုတ်ဘဲ စွန့်ပစ်ရမည့်ရောင်စုံစာရွက်များ ဖြတ်ကပ်၍လည်း ပန်းချီရုပ်ပုံများဖြစ်လာအောင် ဖန်တီးထားမှုကိုလည်း ထူးခြားစွာ တွေ့ခဲ့ရသည်။

အဆိုပါ ပန်းချီပြပွဲတွင်ကလေးပန်းချီသင်တန်းသုံးခုမှ ကလေးများရေးဆွဲထားသောပန်းချီကားများကိုစုစည်းပြသခြင်းဖြစ်ကြောင်း ပန်းချီဆရာမ မချောအိသိမ်းက ပြောကြားသည်။ ယင်းပန်းချီပြပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Reyum Art School ပန်းချီပညာ သင်ကြားရေးကျောင်းမှ ကလေးများ၏ ပန်းချီလက်ရာများ အပါအဝင် လောကနတ်ပန်းချီပြခန်းရှိ ကလေးများ ပန်းချီပြပွဲတွင် ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံရှိ ယင်းသင်တန်းကျောင်းများမှ ကလေးများ၏ ပန်းချီကား ၂၀၀ကျော် ပါဝင်ပြသထားသည်။ ယခုပန်းချီပြပွဲသည် စတုတ္ထအကြိမ်မြောက် ပြသခြင်းဖြစ်သည်။

ယခုကဲ့သို့ကလေးပန်းချီသင်တန်းများပေါ်ပေါက်လာသဖြင့် ကလေးများ၏ စိတ်ကူးယဉ်ဖန်တီးမှု (Creative Power) ထက်သန်လာမည်ဖြစ်ပြီး အရွယ်ရောက်သည့်အခါ ကျွမ်းကျင်သည့်ပန်းချီဆရာအကျော်အမော်များဖြစ်လာမည်ဖြစ်ကြောင်း မျှော်လင့်ရပေသည်။

ယင်းပန်းချီပြခန်းရှိ ပန်းချီကားများမှာ အသက်လေးနှစ်မှ ၁၆နှစ်အတွင်းရှိ ကလေးများ ရေးဆွဲထားသည့်ပန်းချီကားများဖြစ်ပြီး ပြပွဲကို မတ်၁၄ရက်မှ၂၀ရက်အထိပြသလျက်ရှိပါကြောင်း သတင်းစကားပါးလိုက်ရသည်။ ။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်တို့၏ သဘာဝကိုရေးဆွဲထားသည့် ကျောင်းသူလေးတစ်ဦး၏ လက်ရာကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပန်းပွင့်အလှကို ခြယ်မှုန်းထားသည့် အသက် ၁၄ နှစ်အရွယ် ကျောင်းသူလေး ခင်မာစိုး၏ လက်ရာကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မန္တလေးမြို့၌ တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၆

မန္တလေးမြို့ ဈေးချို အောင်သပြေဆေးဆိုင် ဦးအောင်ထွန်းသိန်း(ခ)ကိုဦး–ဒေါ်လွင်မာအောင်၊ သား မောင်မင်းသန့်ကျော် မိသားစုတို့၏ ရှင်ပြုအလှူမင်္ဂလာသဘင်၌ တရားပွဲများကျင်းပမည်ဖြစ်ရာ မတ် ၁၈ရက်တွင် အရှင်ခေမာစာရ(မိုးကုတ်ဝိပဿနာ)၊ ၁၉ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၂၀ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်၊ အင်းမ) တို့က ညစဉ် ၇နာရီမှစ၍ ၈၂လမ်း၊ ၂၃ X ၂၄လမ်းကြား ရွှေကျီးနား ဓမ္မာရုံ ရွှေကျီးမြင်ဘုရား၌ တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က–ပ)

✡ *ကျော့ဖုံးမှ*

လုပ်ကြံဖော်ပြထား

အမေရိကန် နိုင်ငံခြားရေးဌာနက လွန်ခဲ့သည့်ရက်သတ္တပတ်က ထုတ်ပြန်သော အဆိုပါ အစီရင်ခံစာ၌ အီသီယိုးပီးယားနိုင်ငံ အပါအဝင် နိုင်ငံအချို့၏ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို မဟုတ်မမှန် လုပ်ကြံဖော်ပြထားကြောင်း အီသီယိုးပီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

လုံးဝအခြေအမြစ်မရှိ

အီသီယိုးပီးယားနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်သည်ဆိုသော အမေရိကန်အစိုးရ၏ စွပ်စွဲချက်များမှာ လုံးဝအခြေအမြစ်မရှိကြောင်း အီသီယိုးပီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် တုံ့ပြန် ဖော်ပြခဲ့သည်။

အကောင်အထည်ဖော်

အီသီယိုးပီးယား နိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးများကို လေးစားရန် အထူးအာရုံစိုက်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရန်လည်း အစိုးရယန္တရားအဖွဲ့အစည်း အားလုံးနှင့်တကွ နိုင်ငံသားများအားနှိုးဆော်ထားကြောင်း ကြေညာချက်၌ ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘီစီ ၄၅၀ က ရှေးဟောင်းပစ္စည်းများ ဘင်္ဂလားဒေ့ရှ်၌ တွေ့ရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အရှေ့မြောက်ဘက် ၅၃ မိုင်အကွာ ဝါရီဒေသ၌ တွေ့ရှိရသော ရှေးဟောင်းဒင်္ဂါးများနှင့် လက်ဝတ်ရတနာပစ္စည်းများကို မတ် ၁၄ ရက်က တွေ့ခဲ့ရသည်။ **(အောက်ပုံ)** ယင်းဒင်္ဂါးနှင့် လက်ဝတ်ရတနာပစ္စည်းများသည် ဘီစီ ၄၅၀ ခန့်က ရှေးဟောင်းပစ္စည်းများဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ရှေးဟောင်းသုတေသနပညာရှင်များက ခန့်မှန်းပြောဆိုသည်။

(ကိုးကားချက်–ရိုက်တာ)

စက်ရုပ်ငါး

ဂျပန်အနောက်ပိုင်း ဟီရိုရှီးမားရေပိုင်နက်တွင် စက်ရုပ်ငါးတစ်ကောင်ပေါ်ထွက်လာသည်ကို မတ် ၁၄ ရက်က တွေ့ရခြင်းဖြစ်သည်။**(အပေါ်ပုံ)**

ပူးပေါင်းထုတ်လုပ်

ယင်းစက်ရုပ်ငါးကို ရှိယိုမိအင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်နှင့် အခြားသောကုမ္ပဏီများက ပူးပေါင်းထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တပ်ဆင်ထား

ယင်းစက်ရုပ်ငါးတွင် ၎င်း၏ ပါးစပ်ပေါ်၌ ကင်မရာတစ်လုံး တပ်ဆင်ထားပြီး ရေ၏အရည်အသွေးကို စစ်ဆေးပေးနိုင်သည်။ ထို့အပြင် ယင်းစက်ရုပ်ငါးသည် ပင်လယ်ကြမ်းပြင်ရှိ အရင်းအမြစ်များကိုလည်း စိစစ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကားချက်–ရိုက်တာ)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ရှန်ဟိုင်းရေနက်ဆိပ်ကမ်း စက်မှုထုတ်ကုန်များပို့မှုတင်ပို့

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့ ရေနက်ဆိပ်ကမ်းကို တွေ့ရခြင်းဖြစ်သည်။ **(အောက်ပုံ)** တရုတ်နိုင်ငံ၏ စီးပွားရေးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်။ တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန်များသည် လွန်ခဲ့သောနှစ်က ယမန်နှစ်အစောပိုင်းကနှင့် နှိုင်းစာပါက ၁၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်။

အဆိုပါရေနက်ဆိပ်ကမ်းသည် ပြည်ပသို့ စက်မှုထုတ်ကုန်များ အများဆုံးတင်ပို့ပေးနေသော ဆိပ်ကမ်းတစ်ခုလည်းဖြစ်သည်။

(ကိုးကားချက်–အေအက်ဖ်ပီ)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူနိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

ရန်ကုန် မတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား New Skies Satellites Singapore B.V မှ Mr. Ronald Breggen (Corporate Heat Office, Netherlands) နှင့် Mr. Matthew Oh (Director Sales, Asia Pacific)တို့သည် ယမန်နေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် ရွှေကြက်ယက်ဘုရား ဓမ္မာရုံတွင် မင်္ဂလာဒုံစက်မှုဇုန်မှ စက်ရုံအမျိုးသမီးအလုပ်သမားများနှင့် မိသားစုအသွင် စကားဝိုင်းဖွဲ့၍ ရင်းရင်းနှီးနှီးတွေ့ဆုံကြစဉ်။ (အမျိုးသမီးရေးရာ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့်မိသားစုစကားဝိုင်းပြုလုပ်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်သည် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲဝင်များနှင့်အတူ ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ ရပ်ကွက် ရွှေကြက်ယက်ဘုရား ဓမ္မာရုံတွင်မင်္ဂလာဒုံစက်မှုဇုန်မှ စက်ရုံအမျိုးသမီး အလုပ်သမား ၁၈၃ဦးနှင့် အမျိုးသမီးရေးရာ မိသားစု စကားဝိုင်းဖြင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

တက်ရောက်

အဆိုပါ အမျိုးသမီးရေးရာ စကားဝိုင်းသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ တက်ရောက်အားပေးခဲ့ပြီး ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မင်္ဂလာဒုံမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြသည်။

ပြန်လည်ဆွေးနွေး

အခမ်းအနားတွင် ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများကိုလည်းကောင်း၊ ပါမောက္ခဒေါ်ဌေးဌေးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောကာ တက်ရောက်လာသူများက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခြံစည်းရိုးကြက်ဆူပင် စီးပွားဖြစ် စိုက်ပျိုးလိုသည့် လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ရန်ကုန်တိုင်းအတွင်း ၂၀၀၆ခုနှစ်၌ ခြံစည်းရိုးကြက်ဆူပင်ဧက တစ်သိန်းစိုက်ပျိုးမည့်စီမံချက်အောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့်စီးပွားဖြစ်စိုက်ပျိုးလိုသူ လုပ်ငန်းရှင်များ၊ စိုက်ပျိုးမြေ၊ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့်ပျိုးပင်၊ စိုက်ပျိုးရေးနည်းပညာအရင်းအနှီးနှင့် ထောက်ပံ့ဖြည့်ဆည်းမှုများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ၂၀၀၆ခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းခြံစည်းရိုးကြက်ဆူပင်ဧက တစ်သိန်းစိုက်ပျိုးမည့်စီမံချက်၊ စီးပွားဖြစ်စိုက်ပျိုးမည့် လုပ်ငန်းရှင်များအား စိုက်ပျိုးရန်မြေနေရာနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးရန်စီမံထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ဦးအောင်ဆန်းကခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရမည့်နည်းစနစ်များနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် သတိပြုရမည့်အချက်များနှင့်ပတ်သက်၍ လည်းကောင်းရှင်းလင်း တင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဖြေကြား

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်(၆၀)ပြည့်နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

ချင်းတွင်းအသင်း (ရန်ကုန်)၏ ၂၀၀၆ ခုနှစ် နှစ်(၆၀)ပြည့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးနာယကပူဇော်ပွဲ၊ ဘွဲ့ထူး/ ဂုဏ်ထူးရ ပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှစ်ဘာသာနှင့်အထက် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို မတ် ၁၈ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် အသင်းဝင်သံဃာတော်များအားလည်း နေ့ဆွမ်းဆက်ကပ်မည် ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

မဟာသုဝဏ္ဏကျောင်းတိုက် တရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ရက် တရားစခန်းပွဲကို ဧပြီ ၈မှ ၁၇ ရက်အထိ ဟောပြောညွှန်ပြ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီပုဂ္ဂိုလ်များ၊ ကုသိုလ်ဒါနပြုလိုကြသည့် ပါရမီရှင်များသည် သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက် ဖုန်း-၅၇၇၀၁၅သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်။	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Moriamin Capsule	New Life Pharma Co.,Ltd	Thailand
၂။	Anapromine Syrup (60ml)	Siam Medicare Co.,Ltd	Thailand
၃။	Nivagin Tablet	T.P Drug Laboratories (1969) Co.,Ltd	Thailand
၄။	Zocovin Cream(3 gm)	T.O Chemicals (1979)Ltd	Thailand
၅။	Romilar (Roche) Tablet	Olic(Thailand)Ltd	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အကြမ်းဖက်အဖျက်သမားထောင်ထားသောလူသတ်မိုင်းတစ်လုံး လွိုင်ကော်မြို့နှစ်ထပ်ဈေးရှိ စားသောက်ဆိုင်၌သိမ်းဆည်းရမိ

ရန်ကုန် မတ် ၁၆

လွိုင်ကော်မြို့ ဈေးပိုင်းရပ်ရှိ နှစ်ထပ်ဈေးအပေါ်ထပ်၌ ဖွင့်လှစ်ထားသည့် ဗီးနပ်စ်စားသောက်ဆိုင်အတွင်း မတ် ၁၅ ရက် ည ၉နာရီခန့်တွင် မသင်္ကာဖွယ် ကျောပိုးအိတ်တစ်လုံးကျန်ရှိကြောင်း သတင်းအရ တာဝန်ရှိသူများက ဖွင့်လှစ်စစ်ဆေးရာ အိတ်အတွင်းမှ ဓာတ်ဆီ သုံးပုလင်းခန့်ထည့်ထား သောပုံးနှစ်လုံးနှင့် ပူး၍ချည်ထားသည့် လူသတ်မိုင်းတစ်လုံးကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းဆောင်ရွက်

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားတို့သည် ရပ်ရွာအေးချမ်းသာယာရေးကို ပျက်စီးစေရန်၊ ပြည်သူများ သေကျေဒဏ်ရာရရှိစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဖောက်ခွဲမှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ပြည်သူများ ဝင်ထွက်သွားလာ စားသောက်သည့် စားသောက်ဆိုင်၊ ဈေးဆိုင်တန်း၌ ပေါက်ကွဲမှုဖြစ်စေရန် လူသတ်မိုင်းထောင်ခြင်းမှာ ရက်စက်ယုတ်မာသော ကျူးလွန်မှုဖြစ်သည်။ လူသတ်မိုင်းထောင်သည့် အကြမ်းဖက်အဖျက်သမားကို ဖော်ထုတ်ဖမ်းဆီးရမိရေး အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းနှင့်စပ်လျဉ်း၍ အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ငမိုးရိပ်ရေလှောင်တမံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး အတွက်ဆောင်ရွက်လျက်ရှိသည့် ဆည်မြောင်းတာတမံ စီမံကိန်းလုပ်ငန်းများ အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပါဝင်သော ပဲခူးမြစ်အရှေ့ခြမ်း တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် စလူ၊ ရွှေလောင်း၊ ကိုဒူးကွဲနှင့် ဝါးကတုတ် ရေလှောင်တမံများ တည်ဆောက်နေမှုအခြေအနေ၊ ဇောင်းတူရေလှောင်တမံသို့ ရေကူပေးနိုင်ရေး စီမံဆောင်ရွက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရန်ကုန်မြို့တော်ပတ်ဝန်းကျင်မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင်ပါဝင်သည့် ပဲခူးမြစ်အနောက်ခြမ်း သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနှင့် ကဝမြို့နယ်အတွင်း ရေငန်မဝင်ရန်နှင့် ရေချိုများထိန်းထားနိုင်ရန် တာဝ၊ ပိုင်ကျုံ၊ ရွှေလှေနှင့် ခရမ်းရေထိန်းတံခါးများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ လယ်မြေဧက ၆၅၀၀၀ ရေပေးဝေစိုက်ပျိုးနိုင်မှုအခြေအနေ၊ ရေရရှိရေး နည်းလမ်းသုံးသွယ်နှင့် ရေပေးဝေရေး နည်းလမ်းနှစ်သွယ်တို့ဖြင့် စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်ရေးအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရန်ကုန်တိုင်းအတွင်း တည်ဆောက်ပြီး လျှပ်စစ်မြစ်ရေတင် လုပ်ငန်းရှစ်ခုတို့မှ စိုက်ပျိုးရေပေးဝေမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်က ရန်ကုန်တိုင်းအတွင်း မိုးစပါးလျာထား ဧက ၁၂ သိန်းပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်မှုနှင့် နွေစပါးလျာထား ဧက ၂ သိန်း ၄ သောင်းစိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ငမိုးရိပ်ရေလှောင်တမံမှ ရန်ကုန်မြို့တော်သို့ ရေဂါလန်သန်း ၉၀ ပေးဝေနေရာမှ ရေဂါလန် ၄၅ သန်းတိုးမြှင့်ကာ စုစုပေါင်း ရေဂါလန် နေ့စဉ် ၁၃၅ သန်း ပေးဝေနေမှု အခြေအနေကို လည်းကောင်း၊ ရှင်းလင်းတင်ပြရာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် လုပ်ငန်းကဏ္ဍများအလိုက် အဆက်အစပ်ရှိရှိ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ငမိုးရိပ်ဆည်မှ စိုက်ပျိုးရေပေးဝေရေး လုပ်ငန်းနှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးလုပ်ငန်းတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်တည်းတည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ကွမ်းခြံကုန်း၊ ကော့မှူးဒေသရှိ ရေမြောင်းကြီးလေးမြောင်းနှင့် ရေထိန်းတံခါးများကို ပြန်လည်ပြုပြင်ရန်ရှိရာ ကုန်ကျစရိတ်နှင့်တကွ အမြန်ဆုံးတွက်ချက်တင်ပြရန် ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် မိုင်၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံများ စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေးအတွက် အရှေ့ဘက်ခြမ်းတွင် တည်ဆောက်မည့် ဝါးကတုတ် ရေလှောင်တမံနှင့် ကိုဒူးကွဲရေလှောင်တမံတို့ကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် ဆည်/တမံများနှင့်အတူ စိုက်ပျိုးရေ ပေးဝေသည့် မြောင်းများပါ တစ်ပြိုင်တည်းပြီးစီးအောင် တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသော စနစ်အတိုင်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ငမိုးရိပ်ဆည်မှ ရန်ကုန်မြို့တော်သို့ ရေပေးဝေရာတွင် ရေတိုးချဲ့ပို့လွှတ်ပေးနိုင်ရေးအတွက် မြောင်းမကြီးကို ချဲ့ထွင်ပြုပြင်ရန်လိုအပ်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့တော် ရေပေးဝေရေးနှင့် သီးနှံစိုက်ပျိုးရေးအတွက် ရေခွဲရာတွင် သဟဇာတဖြစ်ရေးအတွက် ထိန်းညှိဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ငမိုးရိပ် ရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေနှင့် ငမိုးရိပ် ရေလှောင်တမံ ဧရိယာအတွင်း စိမ်းလန်းစိုပြည်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

ဖွင့်လှစ်ပေးခဲ့

ငမိုးရိပ်ရေလှောင်တမံစီမံကိန်းကို သီးထပ်များစိုက်ပျိုးနိုင်ရန်၊ မိုးရာသီတွင် စိုက်ပျိုးမည့် သီးနှံများအတွက် မိုးရေဖြင့် မလုံလောက်ပါက လိုအပ်သောရေကို ဖြည့်ပေးရန်၊ ငမိုးရိပ်ချောင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ထိန်းသိမ်းပေးရန်နှင့် ရန်ကုန်မြို့တော်သို့ သောက်သုံးရေ နေ့စဉ် ဂါလန် ၁၃၅ သန်းပေးဝေနိုင်ရန် ရည်ရွယ်ကာ ၁၉၉၂-၉၃ ခုနှစ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၄-၉၅ ခုနှစ်တွင် လုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ၁၉၉၅ ခုနှစ် မတ် ၂၆ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်ကာ ဖွင့်လှစ်ပေးခဲ့သည်။

ငမိုးရိပ်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျားပေ ၁၅၅၀၀၊ အမြင့် ၇၅ ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၈၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် မှဆိုးညောင်ပင်ကျေးရွာအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လယ်မြေဧက ၈၀၀၀ အကျိုးပြုမည့် ငမိုးရိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ငမိုးရိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော် ပတ်ဝန်းကျင်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင်ပါဝင်သည့် ရန်ကုန်တိုင်းအတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အလျား ၇၂ ပေ၊ အနံပေ ၆၀၊ အမြင့် ၁၃ ပေရှိ ရေငြိမ်ကန် တည်ဆောက်ပြီးစီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သည် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ညနေ ၅ နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်သို့ ရေပေးဝေနေသော ငမိုးရိပ်ဆည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

The Commerce Journal အတွဲ(၆) အမှတ်(၆)ဖြန့်ချိ

ရန်ကုန် မတ် ၁၆

The Commerce Journal အတွဲ(၆) အမှတ်(၆)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက် MSEC၏ စာရင်းဝင်ကုမ္ပဏီဖြစ်ရန် သဘောတူ၊ အွန်လိုင်း လိုင်စင်လျှောက်ထားနိုင်တဲ့ Public Access Centre ဖွင့်၊ ပဲမျိုးစုံပို့ကုန်ဈေးနှုန်း နှစ်ပတ်လျှင်တစ်ကြိမ်သတ်မှတ်၊ ဂျပန်လေဆိပ်တွေမှာ မြန်မာ့လက်မှုပစ္စည်းတွေ ပြသရောင်းချရပြီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်း၊ ကွမ်းရွက်ဈေးကွက် ပြန်လည်တည်ငြိမ်လာ၊ တရုတ်ပြည်မကြီးရဲ့ ရွှေထုတ်လုပ်မှုစံချိန်တင်၊ ဈေးချိုတဲ့ အများသုံးမိုဘိုင်းလ်ဖုန်းများ၊ ကမ္ဘာ့ဆန်ဈေးနှုန်းအခြေအနေ၊ မိသားစုကြွေးကင်းဖို့၊ တရုတ်ကလေး ကစားစရာအရုပ်လုပ်ငန်း၊ ယန်းငွေတန်ဖိုး ဘယ်ရာနှုန်းမြင့်သင့်သလဲ၊ Crash လွှမ်းမိုးသွားတဲ့ အော်စကာပွဲ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်း ဘာကြောင့်တက်၊ အာရှ ကုန်အမှတ်တံဆိပ်များကျယ်ပြန့်ရေး မဟာဗျူဟာ စသည့် သတင်းများအပြင် မောင်စူးစမ်း၊ ဒေါက်တာခင်မောင်ညို၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ သိန်းမြသိန်းတို့၏ သုတ ရသစုံဆောင်းပါးများ၊ ပို့ကုန်အခြေခံဈေးနှုန်း၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ဖက်ရှင်၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြပြီး အမှတ်(၃၈) လမ်း ၃၀ ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၅ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဥ်
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ English for Everyday Use
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇း၂၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၁၇း၃၅ ၈။ **"စည်းကမ်းလိုက်နာဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သု၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ-ရန်ကုန်)
- ၁၇း၄၅ ၉။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉း၀၅ ၁၃။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁၄)
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၁၆)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေးဆိုင်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့်ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲများ ကျင်းပမည်ဖြစ်၍ စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက် ဆောင်ပုဒ်များမှာ **မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်၊ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု၊ မူးယစ်ကင်းစင် အလှဆင်** ဟူ၍ ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀ အတွင်းဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာ ရေး၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀ အတွင်းဖြစ်သည်။

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွား သီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာ တင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင် တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master သို့မဟုတ် CD Master နှင့်အတူ စာသားကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့် ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတမူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်း၊ မိတ္တူ ပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀ အတွင်းရှိရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ အသက်(၁၀)နှစ်အောက်၊ ၁၀နှစ်မှ ၁၅နှစ် အောက်၊ ၁၅ နှစ်မှ ၂၀နှစ်အောက်၊ အသက် ၂၀ နှစ် အထက် ဟူ၍ လေးဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက် အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလို၊ နှစ်သက်ရာ ဆေးကိုယူလာပြီး နှစ်သက်ရာ ရေးနည်းဖြင့် သရုပ်ဖော် ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ ပြိုင်ပွဲဝင် တစ်ဦးလျှင် ၁၀ X၁၄ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံမဖြစ်စေရ၊ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆု နှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (**မှတ်ချက်။** ပြိုင်ပွဲဝင် ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင် ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသား လက်မှတ်ရေးထိုး၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ကို ပူးတွဲလျက် ပေးပို့ရမည်။)

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပရမည်ဖြစ်ပြီး အထက်တန်းအဆင့် အတွက် ၈၊ ၉၊ ၁၀တန်း ကျောင်းသား/ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် ၅၊ ၆၊ ၇ တန်း ကျောင်းသား/ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw , photoshop, Clarif office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊ လေဆာဓာတ်ပြား CD ဖြင့်ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ)၌ ၂၂-၅-၂၀၀၅ ရက် နံနက် ၉ နာရီမှ ၁၁နာရီအထိ ကျင်းပသွားမည်။

ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို ပြည်နယ်/တိုင်းများတွင် အသက် ၁၅ နှစ်အထက် အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာ ပြိုင်ပွဲဝင် CDများကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

ပေးပို့ယှဉ်ပြိုင်ခွင့်

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူ တစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင် အမည်၊ အမျိုးသားမှတ်ပုံတင် အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်စသည် တို့ကို ပူးတွဲပေးပို့ရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက် ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲ များမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ အတွက် ရန်ကုန်တိုင်းမှ ဝင်ရောက် ယှဉ်ပြိုင်မည့်သူများအတွက် ပြိုင်ပွဲ ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာကို အချိန်မီ ထုတ်ပြန်ပေးသွားမည်။

အရောက်ပေးပို့ရမည်

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးမြမြ မူးယစ်ဗဟိုရုံး ပြည်ထဲရေးဝန်ကြီး ဌာန (ဆရာစံလမ်းနှင့် စက်မှု-၁-လမ်းထောင့်) ရန်ကုန်မြို့သို့လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များ အရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ လက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်များမှာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာကို ၂၀-၅-၂၀၀၆ ရက်အရောက်၊ ပန်းချီ၊ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာကို ၂၅-၅-၂၀၀၆ ရက် အရောက်၊ တေးသီချင်းကို ၂၂-၅-၂၀၀၆ ရက်အရောက် ဖြစ်သည်။

စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၆ခုနှစ် ဇွန် ၁၈ ရက်တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့် တတိယဆုရ သူများကို မူးယစ်ဗဟိုသို့ဖိတ်ခေါ်ပြီး ၂၀၀၆ခုနှစ် ဇွန်၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည် ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

မှတ်ချက်။ ။မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့် သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြကြောင်း အဆိုပါစည်းကမ်းချက်များတွင် ဖော်ပြထားသည်။

(သတင်းစဉ်)

မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

ပြည်တွင်းပြည်ပမှ ရတနာကုန်သည် ၁၅၇၂ဦး ကျောက်မျက်ရတနာပြပွဲ လာရောက်ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပမှရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့တွင် ပြပွဲသို့ ပြည်ပ ၁၁နိုင်ငံ၊ ရတနာကုမ္ပဏီ ၂၃၂ ခုမှ ရတနာကုန်သည် ၈၂၇ဦးနှင့် ပြည်တွင်းရတနာကုမ္ပဏီ ၃၃၇ခုမှ နိုင်ငံသားရတနာကုန်သည် ၇၄၅ဦး စုစုပေါင်း ရတနာကုန်သည် ၁၅၇၂ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။ (အပေါ်ပုံ)

ရှင်းလင်းပြသ

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ၂၀၀၆ ခုနှစ် (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် သက်ဆိုင်ရာဆပ်ကော်မတီ အတွင်းရေးမှူးများက လိုက်လံရှင်းလင်းပြသကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။

ယနေ့ ကျင်းပသော (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အတွဲများသည် ယခင်ပြပွဲများတွင် ခင်းကျင်းပြသခဲ့သည်တို့ထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ အရေအတွက် ပိုမိုများပြားခြင်းတို့ကြောင့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ အထူးစိတ်ဝင်စားကြပြီး အများအပြားလာရောက်ကြခြင်းဖြစ်သည်။ ဆက်လက်၍လည်း ပြည်တွင်း ပြည်ပ ရတနာ ကုမ္ပဏီများမှ ရတနာကုန်သည်များ ရောက်ရှိလာကြဦးမည်ဖြစ်သည်။

တင်ပြရောင်းချသွားမည်

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများသည် အရေအတွက်နှင့် အရည်အသွေးပါ ကောင်းမွန်သော ကျောက်မျက်ရတနာတွဲများဖြစ်ရာ ကျောက်စိမ်း အတွဲနံပါတ် ၂၄၂၉သည် ကျောက်စိမ်း တုံးငါးတုံး အလေးချိန် ၁၂၅ ဒသမ ၀၀ ကီလိုရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေတစ်သန်းဖြစ်သည်။ မိုးကုတ်ပတ္တမြားအတွဲနံပါတ်၆၃သည်ပတ္တမြား တာတစ်ပွင့် အလေးချိန် ၃၃ ဒသမ ၃၉ ကရက်ရှိပြီး အခြေခံကြမ်းခင်း ဈေးယူရိုငွေ ၃ ဒသမ၅ သန်းဖြစ်သည်။ ပုလဲအနေဖြင့် တောင်ပင်လယ်ပုလဲအဖြစ် ကမ္ဘာတွင် ကျော်ကြားခဲ့ရာ ယခုပြပွဲတွင် တင်ပြသည့် မြန်မာနိုင်ငံမှ ထွက်ရှိသော ရွှေရောင်ပုလဲ အတွဲ နံပါတ် ၂၃၃ သည် လုံးရေ ၆၈ လုံး အလေးချိန် ၆၂ ဒသမ ၅၀ မိုမိရှိပြီး အခြေခံကြမ်းခင်းဈေး ယူရိုငွေ ၁၇၃၀၀ တို့ဖြင့် ကြမ်းခင်းဈေးအများဆုံးအဖြစ် တင်ပြရောင်းချသွားမည်ဖြစ်သည်။

(၄၃)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြပြီး ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာနေကြသော ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အားပေးစကား ပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ညနေပိုင်းတွင်ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဓားပြအဖွဲ့တစ်ဖွဲ့ ရေဖြူမြို့နယ် ရေး-ထားဝယ်ကားလမ်း၌ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်၊ ခရီးသည်များထံမှ ရွှေငွေပစ္စည်းများ လုယက်ထွက်ပြေး

ရန်ကုန် မတ် ၁၆

တနင်္သာရီတိုင်း ထားဝယ်မြို့မှ မော်လမြိုင်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မှန်လုံယာဉ်(၄ခ/၆၂၉၉) နှင့် ခရီးသည်တင်ဟိုင်းလပ်ကား (၁က/၂၉၇၇)တို့သည် မတ် ၁၅ရက် နံနက် ၉နာရီ ၄၅ မိနစ်ခန့်တွင် ရေဖြူမြို့နယ် ရေး-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ်(၇၉) မလွှဲတောင်အနီး အရောက်၌ ချမ်းဒိန်ဦးစီးသည့် မွန်ဓားပြရှစ်ဦးတို့က ယာဉ်များကိုရပ်တန့်စေပြီး လက်နက်ငယ်များဖြင့် ခြိမ်းခြောက်ကာ ခရီးသည်များထံမှ ရွှေငွေလက်ဝတ် ရတနာများနှင့် ငွေကြေးများကို ဓားပြတိုက်လုယက်ခဲ့ကြသည်။

မောင်းနှင်ထွက်ပြေး

ယင်းသို့ ဓားပြတိုက် လုယက်မှုဖြစ်ပွားနေစဉ် ထားဝယ်ဘက်မှ မော်တော်ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာသူများသည် ဓားပြတိုက်နေသည်ကိုတွေ့ရှိသဖြင့် နောက်ကြောင်းပြန်လှည့်၍ မောင်းနှင်ထွက်ပြေးကြရာ ဓားပြများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ရေးမြို့နေ မောင်ရွှေသွေး (၂၅)နှစ်နှင့် ကုလားလေး(၂၀)နှစ်(နေရပ်စုံစမ်းဆဲ)တို့နှစ်ဦးလက်နက်ငယ်ကျည်ထိမှန်၍ သေဆုံးသွားသည်။

လုယက်ယူငင်

ထို့နောက် ဓားပြများသည် ခရီးသည်များထံမှ ရွှေငွေလက်ဝတ်ရတနာများ လုယက်ယူငင်ပြီး ကားလမ်းအနောက်ဘက်ခြမ်းသို့ ထွက်ပြေးသွားကြသည်။

အကြမ်းဖက် ခိုးဆိုးလုယက်သူ ဓားပြများသည်ပြည်သူများ၏စည်းစိမ်ပစ္စည်းဥစ္စာများကို လုယက်ယူငင်ရုံသာမက သေကျေဒဏ်ရာရရှိစေရန် ရက်စက်ယုတ်မာစွာ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဓားပြအဖွဲ့အား ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် နယ်မြေခံ တပ်မတော်စစ်ကြောင်းများ၊ ရဲတပ်ဖွဲ့ဝင်များက လိုက်လံ ရှာဖွေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်

စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

ရန်ကုန် မတ် ၁၆

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံး နှင့် ကဗျာပြိုင်ပွဲများကိုလည်းကောင်း၊ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု အသီးသီး ရရှိကြသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

စာစီစာကုံးပြိုင်ပွဲ

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဗိုလ်လောင်းရဲဘုန်းကျော် တတိယနှစ် ကွန်ပျူတာစစ်တက္ကသိုလ် ပြင်ဦးလွင်က ပထမ၊ မဝင်းသူ စတုတ္ထနှစ် စစ်ကိုင်းပညာရေးတက္ကသိုလ်က ဒုတိယ၊ ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်(အပိုင်း –ခ) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်ကတတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဇော်ထက်လင်း ပထမနှစ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မမို့မို့လွင် ဒုတိယနှစ် သိပ္ပံတွဲ မော်လမြိုင် ပညာရေးကောလိပ်၊ မစုလဲ့ရည်အောင် တတိယနှစ် အင်္ဂလိပ်စာ ပုသိမ်တက္ကသိုလ်၊ မောင်နိုင်ရဲထူး တတိယနှစ် ဘီဒီအက်စ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၊ မနှင်းဥရည် ဒုတိယနှစ် ဘီအီးဒီ ရန်ကုန်ပညာရေးတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

တက္ကသိုလ် ကောလိပ် သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အမ်ဘီဘီ အက်စ် (အပိုင်း–ခ) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က ပထမ၊ မောင်သီဟထွန်း နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်(အပိုင်း–ခ) ဆေးတက္ကသိုလ်–၂ ရန်ကုန်က ဒုတိယ၊ မောင်စောမောင် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းက တတိယ အသီးသီး ရရှိကြသည်။ အထူးဆုများအဖြစ် ဗိုလ်လောင်းထွန်းပြည့်အောင် ဒုတိယနှစ် အီလက်ထရွန်နစ် စစ်တက္ကသိုလ် ပြင်ဦးလွင်၊ မဆုဝတီနွယ် ဒုတိယနှစ် ကွန်ပျူတာသိပ္ပံ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ မောင်မင်းကျော်စွာ ပထမနှစ် သိပ္ပံတွဲ ပုသိမ်ပညာရေး ကောလိပ်၊ မမေအိမ်စည်ဦး ဒုတိယနှစ် ပန်းချီ ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်၊ ဗိုလ်လောင်းနိုင်ထွန်းအောင် နောက်ဆုံးနှစ် စက်မှုအင်ဂျင်နီယာ တပ်မတော်နည်းပညာတက္ကသိုလ် ပြင်ဦးလွင်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မရွှေစင် နဝမတန်း အထက(၁)တောင်ဥက္ကလာပက ပထမ၊ မမေကြည်မြင့်သိန်း နဝမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မဖြိုးသဥ္ဇာခင် အဋ္ဌမတန်း အလက (၁) ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မလဝန်းသော်တာ နဝမတန်း အထက (၂) သထုံ၊ မဥမ္မာစိန် အဋ္ဌမတန်း အထက(၈) အောင်မြေသာစံ မန္တလေး၊ မသက်ထားဆွေနွယ် အဋ္ဌမတန်း အထက(၁)ပြည်၊ မောင်ထက်ပိုင်ကျော် အဋ္ဌမတန်း အထက(၂) ကလော၊ မနန်းဝေဝေဖြိုး အဋ္ဌမတန်း အလက(၃) မြစ်ကြီးနားတို့က အသီးသီးရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မောင်ကောင်းဝေဦး နဝမတန်း အထက(၁) ပဲခူးက ပထမ၊ မသိမ့်ဒါလီ အဋ္ဌမတန်း အထက(၃) ဒဂုံက ဒုတိယ၊ မောင်အောင်သက်မိုး အဋ္ဌမတန်း အထက (၆)ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မရွှေယဉ်မင်းဦး နဝမတန်း အထက(၃) မြစ်ကြီးနား၊ မနန်းအိန္ဒြေကြွယ် အဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မဝင့်ဝါဖြိုး နဝမတန်း အထက သုံးဆယ်၊ မောင်ဝေယံကျော် နဝမတန်း အထက(၇) မော်လမြိုင်၊ မချောဝင့်ဝင့်မွန် နဝမတန်း အထက(၁) မြိတ်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ရှမွေလဒေါင်ခေါင် သတ္တမတန်း အလက(၃) မြစ်ကြီးနားက ပထမ၊ မမေမြတ်မှူးအောင် ဆဋ္ဌမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မကေခိုင် သတ္တမတန်း အထက(၃) ဒဂုံ(မြောက်) က တတိယအသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ကျော် ကျော် သက် ဆဋ္ဌမတန်း အမက(၁၁) မူလွန် မဟာအောင်မြေ မန္တလေး၊ မောင်သုဝဏ်လှိုင် သတ္တမတန်း အထက (၁) ပြည်၊ မောင်ကျော်ခိုင်ထက် သတ္တမတန်း အထက(၁) ပုသိမ်၊ မအိသံသာစိုး ဆဋ္ဌမတန်း အထက(၁) စစ်ကိုင်း၊ နန်းထက်ထက်အောင် ဆဋ္ဌမတန်း အမက(၃) မူလွန် လှိုင်းဘွဲတို့က အသီးသီး ရရှိကြ သည်။

အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မဇင်သွယ်သွယ်အေး သတ္တမတန်း အထက(၃) ပဲခူးက ပထမ၊ မဖူးပြည့်သူ ဆဋ္ဌမတန်း အလက(၆) ပုသိမ်က ဒုတိယ၊ မောင်နဒီစစ်မှူး ဆဋ္ဌမတန်း အလက (၂) ပြည်က တတိယ အသီးသီးရရှိကြသည်။အထူးဆုများအဖြစ် မောင်ပြည်စိုးပိုင် ပဥ္စမတန်း အလက (မြို့မ) ကျောက်တန်း၊ မနှင်းအေးမိုးလွင် သတ္တမတန်း အထက(၇) မော်လမြိုင်၊ မခန့်ယမုံမြင့် ဆဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မခင်သဥ္ဇာတင် ပဥ္စမတန်း အထက(၁၁) အောင်မြေသာစံ မန္တလေး၊ မောင်ယံပိုင်ဦး ပဥ္စမတန်း အမက မူလွန် မင်္ဂလာလှိုင်ကော်တို့က အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးမြင့် အလယ်တန်းပြ အထက(၂) သာစည်က ပထမ၊ ဒေါ်နန်းတင်ရီ အလယ်တန်းပြ အထက(၇) မော်လမြိုင်က ဒုတိယ၊ ဒေါ်တင်တင်ခိုင် အလယ်တန်းပြ အလက(၁၁) မိတ္ထီလာက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် ဒေါ်ထားရှင် အထက်တန်းပြ အထက(၂) မြိတ်၊ ဒေါ်သန္တာချစ် နည်းပြ ပါဠိ–သက္ကတဌာန တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၊ ဦးအေး သန်း အလယ်တန်းပြ အထက(၂) လက်ပံတန်း၊ ဒေါ်ခင်မာကြည် နည်းပြ မြန်မာစာသင်ပြနည်းဌာန မြောင်းမြ ပညာရေးကောလိပ်၊ ဦးဝင်းသိန်း မူလတန်းပြ အမက အေးမြင့်သာယာ ပျဉ်းမနားတို့က အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မတ် ၂၆ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် ဆုရရှိသူများသည် ကျောင်းအုပ်ကြီး အထက(၁)စမ်းချောင်း ရန်ကုန်မြို့သို့လည်းကောင်း မတ် ၂၃ ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။

အထူးဆုရရှိသူများကို မိမိတို့ နေထိုင်ရာဒေသနှင့် နီးစပ်ရာ တိုင်း/တပ်မစစ်ဌာနချုပ်များ၌ ကျင်းပမည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ကွင်းဆင်းဆောင်ရွက်

မတ်၉ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာ မြို့နယ် လှော်ကားကျေးရွာ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို မြို့နယ် မီးသတ်ဦးစီးမှူး ဦးခင်မောင် သန်းနှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေး ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဆဋ္ဌဂံဇာတ်ကား အချိန်အဟုန်ကောင်းနေဆဲ နိုင်ငံခြားဇာတ်ကားသစ် The Cave ရုံဝင်လာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၁၆

ဒါရိုက်တာ ကြည်စိုးထွန်း၏ **ဆဋ္ဌဂံ**ဇာတ်ကားမှာ ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် လည်းကောင်း၊ မန္တလေးမြို့ရှိ ဝင်းလိုက်နှင့် မြို့မရုံများတွင် လည်းကောင်း ဆက်လက် ပြသလျက်ရှိရာ အရှိန်အဟုန် ကောင်းနေဆဲဖြစ်သည်။

နေပြည်တော်ရုံတွင် ရေအောက် စွန့်စားခန်း နိုင်ငံခြား ဇာတ်ကားသစ် The Cave ရုံဝင်လာသည်။ ပါမောက္ခ နီကိုလိုင်းနှင့် ဇီဝဗေဒပညာရှင် ကက်သရင်းတို့သည် ရိုမေးနီးယားနိုင်ငံ ကာပါးဘီးယားတောင်တန်းရှိ ဘုရားကျောင်းကြီးတစ်ကျောင်းအောက်မှ မြေအောက်မြစ်ကြီးတစ်စင်းထဲရောက်သွားကြရာမှ ရေအောက်သတ္တဝါကောင်ကြီးများ၏ တိုက်ခိုက်ခြင်းခံရပြီး အန္တရာယ်စက်ကွင်းမှ ထွက်ပြေး လွတ်မြောက်သွားပုံကိုရိုက်ကူးထားသော သည်းထိတ်ရင်ဖို စွန့်စားခန်းဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် King Kong ဇာတ်ကားဆက်လက်ပြသလျက်ရှိသည်။

ရွှေဂုန်ရုံ မြေညီထပ်တွင် အနီးကပူရ်နှင့် မင်းသမီးချော ဆရီးဒေဝီတို့ ခေါင်းဆောင် ပါဝင်ထားသော Laadla အိန္ဒိယဇာတ်ကား ပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် No Escape ဇာတ်ကား ပြသလျက် ရှိသည်။

မြို့မတန်းမြင့်ရုံတွင် မင်းသားဆန်ဂျေးဒတ်၊ စူနီးလ်ရှက်သီးတို့ ခေါင်းဆောင် ပါဝင်ထားသော စွန့်စားမှုအပြည့်အက်ရှင်ဇာတ်ကား Dusဇာတ်ကားပြသလျက်ရှိသည်။ ဆုထူးပန်ရုံတွင် အိန္ဒိယဇာတ်ကား Keemat ရုံဝင်လာသည်။ အရာရာကို ငွေနှင့်ရင်းပြီး အနိုင်ယူလိုသူတို့၏ ဝဲဂယက်အတွင်းမှ ရုန်းထွက်နိုင်ရန် ကြိုးစားလိုသူ စိတ်တူကိုယ်တူ သူငယ်ချင်းနှစ်ဦးနှင့် သူတို့၏ ချစ်ခြင်းမေတ္တာကို ရိုက်ကူး တင်ဆက်ထားသော ဇာတ်ကား ဖြစ်သည်။

မြို့လယ် စံပြ၊ ရွှေမန်း၊ သီတာနှင့် မြရတနာရုံများတွင် **ဂမ္ဘီရရွှေမိုး** အဆင့်မြင့် မြန်မာဗွီဒီယိုဇာတ်ကား

သကြၤန်မိုးနှင့် အပြိုင်ကြဲမည့် မိုးသကြၤန်ဇာတ်ကားမှ သကြၤန်ဆိုသော ကျော်ရဲအောင်နှင့် မိုးဆိုသော နန္ဒာလှိုင်။

ပြသနေပြီး ကျော်ရဲအောင်၊ မင်းထက်ကျော်ဇင်၊ နန္ဒာလှိုင်၊မေကဗျာတို့၏ **မိုးသကြၤန်** အဆင့်မြင့်မြန်မာဗွီဒီယိုဇာတ်ကားမှာ မတ် ၂၄ရက်တွင် အထက်ပါရုံများ၌ရုံဝင်လာမည်ဖြစ်သည်။ ကျော်သူ၊ ထွန်းအိန္ဒြာဗို၊မေသန်းနု၊ ဖိုးသောကြာ၊ သီတာဝင်းတို့ခေါင်းဆောင်ပါဝင်ထားသော **ရတနာ** ရုပ်ရှင်ဇာတ်ကားမှာ မကြာမီရုံဝင်လာမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မကြာမီရုံဝင်လာမည့်ရတနာဇာတ်ကားမှအမေ မေသန်းနုနှင့် သားရတနာလေး ဖိုးသောကြာတို့၏ ကြည်နူးမှု ပုံရိပ်။

ဆဋ္ဌဂံ ဇာတ်ကားမှ ပညာရေးထက် အချစ်ရေးကို ဦးစားပေးမိ၍ ဘဝအရေး အဆင်မပြေရှာသူများအဖြစ် လျှမ်းထက်နှင့် ဆုရွှန်းလဲ့။

ကလေးဆေးရုံကြီးသို့ မိဘဂုဏ်ရည်အဖွဲ့ သွေးလှူဒါန်း

ရန်ကုန် မတ် ၁၆

ရန်ကုန် ကလေးဆေးရုံကြီးသို့ သွေးသွင်းကုသရေး ကော်မတီမှ စည်းရုံးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် လှိုင်သာယာမြို့နယ် မြန်မာနိုင်ငံ မိဘဂုဏ်ရည် သွေးလှူရှင်များအဖွဲ့၏ နဝမအကြိမ် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၉နာရီခွဲက သွေးလှူရှင်အင်အား ၄၀ဖြင့် ရန်ကုန်ကလေးဆေးရုံကြီး သွေးလှူဘဏ်သို့ လာရောက်သွေးလှူဒါန်းကြသည်။ **(ယာပုံ)**

အဆိုပါ သွေးလှူရှင်များအတွက် လိုအပ်သော အကူအညီ အထောက်အပံ့များကို ဦးသူရိန်မြင့်ရွှေ၊ ဒေါ်စန္ဒာတင်ထွန်းမိသားစု (ဇော်ဂျီပရီးမီးယားကုမ္ပဏီလီမိတက်) က တာဝန်ယူ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ မတ် ၂၁ရက်မှ စတင်ကျင်းပမည်

ISUZU

ရန်ကုန် မတ် ၁၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ISUZU Motors Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၆ခုနှစ် (၂၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၁ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲ၊ အသင်းလိုက် အကျော့ပေးပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း အကျော့ပေးပြိုင်ပွဲဟူ၍ ခွဲခြားပြီး ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အသင်းခေါင်းဆောင်များ အစည်းအဝေးကို မတ် ၁၉ရက် နံနက်၁၀နာရီတွင် ရန်ကုန်ဂေါက်လပ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော ပြည်နယ်နှင့်တိုင်း ဂေါက်သီးရိုက်အသင်းများသည် ဖုန်း-၀၉-၉၈၇၂၅၅၄နှင့် ၅၄၂၈၇၉တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organize by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ခိုင်ခိုင်မော်(ဂူရှူး)တို့က ရရှိခဲ့ကြောင်း၊ တစ်ဦးလျှင် ငွေကျပ် ၁၀သိန်းစီ ဆုချီးမြှင့်ခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင် အကောင်းဆုံးအမျိုးသား အားကစားသမားဆုကို စိုးမြတ်မင်း(ဘောလုံး)က ရရှိခဲ့ပြီး အမျိုးသမီးတွင် ဆွေဆွေသန့်(ဂူရှူး)တို့ကရရှိခဲ့ကြောင်း၊ ၎င်းတို့အားမြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်က ၁၀သိန်းစီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ၁၀သိန်းစီ ဆုချီးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်က ဘောလုံးကစား မြှင့်တင်သည့်အနေဖြင့်ဘောလုံးအားကစား၌ အကောင်းဆုံးဆုရရှိသူစိုးမြတ်မင်းအား ၁၀သိန်းထပ်မံချီးမြှင့်ခဲ့ပါကြောင်း” ပြောကြားသည်။

အထူးဆု

တစ်ဖန် ထိုနှစ်၌ အထူးဆုအဖြစ် အကောင်းဆုံးအားကစား အသင်းကို ဆုချီးမြှင့်ခဲ့ရာတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီး(ဘောလုံး)အသင်းကို ရွေးချယ်ခဲ့ကြောင်း၊ ဆုကြေးငွေမှာ မြန်မာနိုင်ငံ ကလောင်ရှင်များအဖွဲ့ချုပ်က ၁၀သိန်း၊ အိုလံပစ်ကော်မတီက ၁၀သိန်းနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ ၁၀သိန်း ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုတတိယအကြိမ် အဖြစ် ၂၀၀၅ခုနှစ် အကောင်းဆုံးအမျိုးသား အားကစားသမားဆုကို အောင်ချိုမြင့်(ပိုက်ကျော်ခြင်း)က ရရှိခဲ့ကြောင်း၊ အောင်ချိုမြင့်မှာ ၂၀၀၅ခုနှစ် ဖိလစ်ပိုင်တွင် ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံအလိုက် ပိုက်ကျော်ခြင်းအားကစားတွင် မြန်မာနိုင်ငံက နိုင်ငံအလိုက် ပထမရရှိခဲ့ကြောင်း၊ အစဉ်အလာရှိသည့် ထိုင်းကို ကျော်ပြီး စုစုပေါင်း ရွှေခြောက်ခုပေးရာ၌ မြန်မာက သုံးခုရရှိခဲ့ကြောင်း၊ အောင်ချိုမြင့်က ရွှေနှစ်ခု၊ ကြေးတစ်ခုရရှိခဲ့ရာ နှစ်ယောက်တွဲတွင် ရွှေတစ်ခု၊ (hoop ta kraw) ပြိုင်ပွဲတွင် ရွှေတစ်ခုနှင့် သုံးယောက်တွဲ၌ ကြေးတစ်ခုရရှိခဲ့ကြောင်း၊ ထို့အပြင် ၂၀၀၅ခုနှစ်က ကျင်းပခဲ့သည့် မလေးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားနှင့် မြန်မာတို့ ပါဝင်သည့် ဒေသတွင်းပြိုင်ပွဲ၌လည်း ရွှေတစ်ခု၊ ငွေလေးခုနှင့် ကြေးနှစ်ခုရရှိခဲ့ကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး စည်းကမ်းလိုက်နာကာ ဖွဲ့ရှိသူတစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၅ခုနှစ် အကောင်းဆုံး အမျိုးသားအားကစားသမားဆု ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၀၅ခုနှစ် အကောင်းဆုံးအားကစားသမားများအား ဆုရွေးချယ်ချီးမြှင့်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆက်လက်ပြီး ယဉ်ယဉ်ခိုင် ဆုရရှိမှုနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ဒေါက်တာတင်ထွန်းဦးက “ယဉ်ယဉ်ခိုင်မှာ ၂၀၀၅ခုနှစ်က ကျင်းပခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့တွင် ဆုအများဆုံးရရှိခဲ့သည့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း၊ ယဉ်ယဉ်ခိုင်မှာ မီတာ ၄၀၀ အပြေးရွှေတံဆိပ်နှင့် လက်ဆင့်ကမ်း မီတာ ၄၀၀၌ ရွှေတံဆိပ်တစ်ခုရရှိပြီး အမျိုးသမီးမီတာ ၈၀၀၌ ကြေးတံဆိပ်တစ်ခုရရှိခဲ့ကြောင်း၊ ယခင် ၂၀၀၃ ခုနှစ် (၁၅)ကြိမ်မြောက် အာရှပြေးခုန်ပစ်ပြိုင်ပွဲ၌လည်း မီတာ ၄၀၀ နှင့် မီတာ ၈၀၀ တို့၌ ရွှေတံဆိပ်နှစ်ခုရရှိခဲ့ဖူးသူဖြစ်ကြောင်း၊ နောက်ပိုင်းဒဏ်ရာရရှိခဲ့သော်လည်း ပြန်လည်ကြိုးစားခဲ့ကာ ဖွဲကောင်းပြီး စိတ်ဓာတ်ခိုင်မာသူဖြစ်သဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ချီးမြှင့်

ယခုနှစ်တွင် အကောင်းဆုံးနည်းပြများအဖြစ် ဦးကျော်ခင်(ပြေးခုန်ပစ်) နှင့် ဒေါက်တာမင်းနိုင် (ဘိလိယက်) တို့ကိုလည်း ရွေးချယ် ဆုချီးမြှင့်ခဲ့သည်။ ယခုကဲ့သို့ အကောင်းဆုံး အားကစားသမားများကို ရွေးချယ်ရာတွင် နှစ်စဉ် ပြက္ခဒိန်နှစ်ကို အခြေခံပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ တစ်နှစ်အတွင်း အားကစားအသီးသီး၏ အဖွဲ့ချုပ်များထဲမှ ပဏာမရွေးချယ်သင့်သည့် စာရင်းကို တောင်းပြီး အားကစား ကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်များက စနစ်တကျရွေးချယ်ကာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီထံ တင်ပြပြီး အတည်ပြုချက်ရယူကာ ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်များတွင်လည်းအကောင်းဆုံးအားကစားသမားဆုများကို မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်က ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း အားကစားဝါသနာရှင် များအား သတင်းကောင်းပါး တင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

၂၀၀၅ခုနှစ် အကောင်းဆုံးအားကစားသမားဆုရရှိသူများနှင့် အကောင်းဆုံးဆုရ နည်းပြများ။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဘောလုံးများလှူဒါန်း

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ Rotary Club Member များ ကိုယ်စား Mr.Masuda က ဘောလုံးများ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)



လူငယ်ဘောလုံးအသင်းများအတွက် ဘောလုံးများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၆

ဂျပန်နိုင်ငံ Rotary Club အဖွဲ့ဝင်များက မြန်မာနိုင်ငံရှိ လူငယ်ဘောလုံးအသင်းများအား ဘောလုံးများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း(၁)တွင် ကျင်းပသည်။

တိုက်ရိုက်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ Rotary Club မှ Mr.Tajima က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Rotary Club Member များ ကိုယ်စား Mr.Masuda က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်ထံ ဘောလုံးများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ Rotary Club အဖွဲ့ဝင်များက လူငယ်ဘောလုံးအသင်း (၁၁) သင်းထံ ဘောလုံးများ တိုက်ရိုက်ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကျေးဇူးတင်စကားပြောကြားပြီး အား/ကာသိပ္ပံ (ရန်ကုန်)မှ အသက် ၁၄နှစ်အောက် လူငယ်ဘောလုံးနှစ်သင်း ယှဉ်ပြိုင်ကစားကြရာ Rotary Club မှ Mr. Tsuharu Aizawa က ဘောလုံးကန်၍ သရုပ်ပြပွဲအား ဖွင့်လှစ်ပေးသည်။ သရုပ်ပြပွဲ အပြီးတွင် အကောင်းဆုံးဆု ရရှိကြသော ရဲကိုကိုနိုင်(အဝါ)နှင့် နိုင်မိုး(အပြာ)တို့အား Rotary Club မှ Mr. Masuda က အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

Rotary Club မှ ဘောလုံး စုစုပေါင်း ၁၆၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ဖခင်ကြီး ဦးမောင်ကိုနှင့် မိခင်ကြီး ဒေါ်တင်တင်အားရည်စူး၍ တိုက် ၂၀ အခန်း ၁၉ ဦးဝိစာရအိမ်ရာ ဒဂုံမြို့နယ်နေ ဦးစောမောင် ဒေါ်သန်းမြိုင် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၅၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ဝက်စ်ဟမ်းအသင်း ဘော်လ်တန်ကိုအနိုင်ကစား အက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်ပြီ

လန်ဒန် မတ် ၁၆

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို မတ် ၁၅ရက်က ဆက်လက်ကျင်းပရာ ဝက်စ်ဟမ်းနှင့် ဘော်လ်တန်တို့ပွဲတွင် ဝက်စ်ဟမ်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

စုစည်းတင်ပြသူ

မြင့်ဆွေ

ကိုယ့်ဂိုးကိုယ်သွင်းမိ

ဝက်စ်ဟမ်းအသင်း အိမ်ကွင်း၌ ခြေကုန်ထုတ်ကစားခဲ့ရာ ဝက်စ်ဟမ်း တိုက်စစ်မှူးများဖြစ်သည့် မာလွန်၊ ဒိန်း၊ အက်စ်ကာလိုနီတို့က ပွဲစတင်သည်နှင့် လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ ဘော်လ်တန်ခံစစ်မှူး နီကီလန့်၊ ဖာရီနှင့်ဂျိုင်းဒီတို့လည်း မည်သို့မျှ မထိန်းနိုင်ဘဲ ပွဲချိန် ၁၀မိနစ်တွင် ဘော်လ်တန်ဂိုးသမား ဂျူစီဂျာမက်လိန်းကြောင့် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ကာ အဖွင့်ဂိုးပေးခဲ့ရသည်။

ချေပဂိုးမသွင်းနိုင်

မမျှော်လင့်ဘဲ အဖွင့်ဂိုးပေးလိုက်ရသဖြင့် ဘော်လ်တန်တို့ ချေပဂိုးပြန်သွင်းနိုင်ရေး ပြန်လည်ဖိကစားရာ ဘော်လ်တန် တိုက်စစ်မှူး ကီဗင်ဒေးဗစ်၏ ကန်သွင်းချက်၊ စပိဒ်၏ အပိုင်အခွင့်အရေးများ လွဲချော်နေခဲ့သဖြင့် ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

အနိုင်ဂိုးမသွင်းနိုင်

သို့သော် ပွဲချိန် ၃၁မိနစ်တွင် ဘော်လ်တန်မှဒေးဗစ်က ချေပဂိုးတစ်ဂိုး ပြန်သွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေဖြစ်နေခဲ့သည်။ ဒုတိယပိုင်းတွင် ဘော်လ်တန်အသင်းက ဖာရီအစား ပီဒါဆင်၊ စပိဒ်အစား ဗက်စ်တီ၊ ဟန့်အစား ဘော်ဂတ်တီတို့ အစားထိုးကစားခဲ့သော်လည်း အနိုင်ဂိုးမသွင်းနိုင်ဘဲ ရှိနေသည်။

ကွာတားဖိုင်နယ်ပွဲစဉ်

ဝက်စ်ဟမ်းတို့ အချိန်ပို ၉၆မိနစ်တွင် တိုက်စစ်မှူး မာလွန်က အနိုင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဝက်စ်ဟမ်းတို့အက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ဝက်စ်ဟမ်းသည် ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ်လာမည့် မတ် ၂၀ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ။ **(အင်တာနက်)**

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ရှုံးထွက် ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနှင့် ဘော်လ်တန်ပွဲတွင် ဘော်လ်တန်မှ ဂျေဂျေအိုကိုချာနှင့် ဝက်စ်ဟမ်းမှ မာလွန်တို့ ဘောလုံးရရှိရေးကြိုးစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားနိုင်ငံ မော်စကိုမြို့တွင် အမျိုးသား တုတ်ထောက်ခုန် ပြိုင်ပွဲ၌ ပထမ ရွှေတံဆိပ်ဆွတ်ခူး သွားသည့် အမေရိကန်မှ ဘရက် ဝေါကာ၏ ပြိုင်ပွဲဝင်ဟန်။

(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ်(၃၀) ဆက်လက်ကစား လီဗာပူးတို့ အိမ်ကွင်း၌ ဖူလ်ဟမ်ကို ပြတ်ပြတ်သားသားအနိုင်ရ

လန်ဒန် မတ် ၁၆

ပရီမီယာလိဂ် ပွဲစဉ်(၃၀)ကို မတ် ၁၅ရက်က ဆက်လက်ပြုလုပ်ရာ လီဗာပူးနှင့်ဖူလ်ဟမ်တို့ပွဲတွင် အိမ်ကွင်း၌ လီဗာပူးတို့ ပြတ်ပြတ်သားသား အနိုင်ရအောင် ကစားနိုင်ခဲ့သည်။

သက်သာရာရ

ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်တို့တွင် ရှုံးပွဲများ ဆက်တိုက်ကြုံခဲ့ရသော လီဗာပူးတို့အိမ်ကွင်း၌ ဧည့်သည် ဖူလ်ဟမ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရယူနိုင်ခဲ့သဖြင့် ဖိအားပေးခံရမှုများမှ အနည်းငယ် သက်သာရာရရှိခဲ့သည်။

အဖွင့်ဂိုးသွင်းယူ

မိုရီယန်တေးစ်၊ ရော်ဘီဖောင်လာ၊ ဂါစီယာနှင့်ကီးဝဲလ်တို့က နေရာမျိုးစုံမှ ထိုးဖောက်ကစားသလို ဂျရတ်နှင့် ဟာမန်းတို့ကလည်း ကွင်းလယ်ကစားကွက်ကို ပိုင်ပိုင် ထိန်းချုပ်ကစားကာ တိုက်စစ်မှူးများထံ မှန်ကန်သော ဘောလုံးဖြန့်ဝေမှုများ ပေးနိုင်ခဲ့သဖြင့် ပွဲချိန်၁၆မိနစ်မှာပင် လီဗာပူးမှ ရော်ဘီဖောင်လာက ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ချေပဂိုး

လီဗာပူးအား ချေပဂိုး ရရှိရေး ဖူလ်ဟမ်အသင်း တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၂၅ မိနစ်တွင် ဖူလ်ဟမ်တိုက်စစ်မှူး ကိုလင်းဂျွန်က လီဗာပူးဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူပြီး ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၃၀) အဖြစ် လီဗာပူးနှင့် ဖူလ်ဟမ်တို့ပွဲတွင် လီဗာပူးမှ ဂျရတ်(ယာ) **ဘောလုံးရရှိရေး ကြိုးစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်အရှိန်မြှင့်

သို့သော် လီဗာပူးတို့အနိုင်ဂိုးများ ရရှိရေး တိုက်စစ်အရှိန်ကိုမြှင့်တင်ခဲ့ရာ ဖူလ်ဟမ်မှမိုက်ကယ်ဘရောင်းက ပွဲချိန် ၃၄ မိနစ်တွင်ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ် ပြန်သွင်းသလိုဖြစ်ခဲ့ပြီး ဂိုးပေးခဲ့ရသဖြင့် လီဗာပူးတို့ ဂိုးရရှိခဲ့သည်။

အနိုင်ရရှိ

ထို့နောက်လီဗာပူးတို့က ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ရာ ပွဲချိန် ၇၁ မိနစ်တွင် မိုရင်ယန်တေးစ်က တစ်ဂိုး၊ ၈၉ မိနစ်တွင် ပီတာခရော့ချ်က တစ်ဂိုးနှင့် မိနစ် ၉၀ တွင် စတီဖင်က တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

အသင့်ပြင်

ကမ္ဘာ့ အားကစားရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ၄၅ ဒသမ ၂၈ စက္ကန့်ဖြင့် ပထမရရှိသွားသည့် လူဝီစီယားနားပြည်နယ်သား ဆာဗီရာကာတာတာ ထွက်ရန် အသင့်ပြင်ဆင်နေဟန်။

(ဓာတ်ပုံ-အင်တာနက်)

ယူအီးအက်ဖ်အေဖလား မစ်ဒယ်ဘရော့ ကွာတားဖိုင်နယ်သို့လှမ်းတက်

ဟမ်းဘတ် မတ် ၁၆

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို မတ် ၁၅ရက်က ဆက်လက်ကစားရာ ရိုးမားနှင့် မစ်ဒယ်ဘရော့၊ အက်ဖ်စီဆီဗီလာနှင့် လီလီ၊ ဟမ်းဘတ်နှင့် ရက်ပစ်ဘူခါရက်တို့ပွဲတွင် ရိုးမား၊ အက်ဖ်စီဆီဗီလာနှင့် ဟမ်းဘတ်တို့ အနိုင်ရရှိခဲ့ကြသည်။ မစ်ဒယ်ဘရော့၊ ရက်ပစ်ဘူခါရက်နှင့် အက်ဖ်စီဆီဗီလာတို့ ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့ကြပြီဖြစ်သည်။

ကွာတားဖိုင်နယ်တက်

ဟမ်းဘတ်အက်စ်ဗွီနှင့် ရက်ပစ်ဘူခါရက်တို့ပွဲတွင် ဟမ်းဘတ်အတွက် အဖွင့်ဂိုးကို ဘင်ဂျမိန်း၊ ဒုတိယဂိုးကို ဆာဂျေဘာဘာရာဇ်တို့က ပွဲချိန် ၂၄ မိနစ်နှင့် ၃၆ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် ရာဖီလ်ဗင်ဒါဗက်က တစ်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် ဟမ်းဘတ်တို့ သုံးဂိုးသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ရက်ပစ်ဘူခါရက်အတွက် ချေပဂိုး တစ်ဂိုးကို ဘူဂါက ၅၁ မိနစ်တွင် သွင်းယူပေးသဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ဟမ်းဘတ်တို့ အနိုင်ရရှိခဲ့သော်လည်း နှစ်ပွဲပေါင်း ၃-၃ ဖြင့် အဝေးဂိုးရလဒ်အရ ရက်ပစ်ဘူခါရက်တို့ ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခြင်းဖြစ်သည်။



ယှဉ်လု

ယူအီးအက်ဖ်အေဖလား ရှုံးထွက်ပွဲစဉ်အဖြစ် အက်ဖ်စီဆီဗီလာနှင့် လီလီတို့ပွဲတွင် ဆီဗီလာမှ အက်ဒရီယာနို ကောရီရာ(ဝဲ)နှင့် လီလီမှ ချက်မင်တို့ ဘောလုံး ယှဉ်လုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တစ်ဂိုးသွင်းယူ

အက်ဖ်စီဆီဗီလာနှင့် လီလီတို့ပွဲတွင် အက်ဖ်စီဆီဗီလာတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အက်ဖ်စီဆီဗီလာအတွက် ဂိုးများကို ကနုတ်တေးက ၂၉မိနစ်တွင် တစ်ဂိုး၊ လူးဝစ်ဖာဗီရာနိုက ၄၅ မိနစ်တွင် တစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အက်ဖ်စီဆီဗီလာတို့ နှစ်ပွဲပေါင်း ရလဒ် ၂-၁ ဖြင့် ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

အနိုင်ဂိုးသွင်းယူ

ရိုးမားနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ဧည့်သည်မစ်ဒယ်ဘရော့တို့က ၃၂မိနစ်တွင် ဟက်ဆယ်ဘိမ့်က တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ရိုးမားအတွက် ချေပဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် မန်စီနီက သွင်းယူပေးနိုင်ခဲ့သည်။ ရိုးမားအတွက် အနိုင်ဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် မန်စီနီကပင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အဝေးဂိုးရလဒ်

နှစ်ဂိုး-တစ်ဂိုးဖြင့် မစ်ဒယ်ဘရော့တို့ ရှုံးနိမ့်ခဲ့သော်လည်း နှစ်ပွဲပေါင်း ရလဒ် ၂-၂ ဖြင့် အဝေးဂိုး ရလဒ်အရ မစ်ဒယ်ဘရော့တို့ ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)



ယီလီနာ၏ ပြိုင်ပွဲဝင်ဟန်

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ အားကစားရုံတွင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး တုတ်ထောက်ခုန် ပြိုင်ပွဲ၌ ပထမရရှိသွားသည့် ရုရှားမှ ယီလီနာ၏ပြိုင်ပွဲဝင်ဟန်။

(ဓာတ်ပုံ-အင်တာနက်)

(၄၄) နှစ်မြောက် မင်္ဂလာမွန်ဆုတောင်း

ကိုဇော်ဇော် ... တိုပယ်တိမ်းရှော်ထိုး ...

SERENADE VIOLIN MUSIC GROUP

နံနက်ပိုင်း – Ph: 09-80-24872, 552649

UNIQUE STAR TRAVELS & TOURS CO.,LTD

Mar 17,31 Apr 2,4,6,7,9,12

Mar 25, Apr 11,12

Mar 16,23,30 Apr 6,13

391 372, 391 373, 09 514 8079

Diploma in IT

Diploma in Information Technology

ENGLISH (U.M.N) Speaking & Grammar

GRAMMAR (18.3.2006)

S.S

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယရဲမှူးမြစိန်(ငြိမ်း)–ဒေါ်လှလှကြည်
တို့၏သားကြီး
ဗိုလ်မှူးကျော်စွာမင်း B.Sc (D.S.A)
တပ်မတော်(လေ)
နှင့်
ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးဝင်းကျော်(ငြိမ်း)–ဒေါ်ငွေးငွေးလွင်
တို့၏သမီးထွေး
မဆွေသူသူစိုး B.Sc (Chem:)
Ex. Senior Airhostess (Myanma Airways)

တို့၏ ၂–၃–၂၀၀၆ရက် (ကြာသပတေးနေ့)တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ကျောက်တံတားမြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး(၁) ဒေါ်ညွန့်ညွန့်ဝင်းနှင့် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးအောင်ကိုဝင်းကြည် (W.C.T Off Shore U.K Ltd.)နှင့်ဇနီး၊ ဗိုလ်မှူးဒေါ်ခင်နွယ်ကြည် လက်ထောက်ကထိက၊ ဇီဝကမ္မဗေဒဌာန (D.S.M.A)တို့အားလည်းကောင်း၊ ၅–၃–၂၀၀၆ရက် (တနင်္ဂနွေနေ့) တွင် International Business Centre၌ ကျင်းပသော မင်္ဂလာညှေ့ခံပွဲတွင် တက်ရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်(ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ဇော်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာလာခင်ညိုတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဇနီး ဒေါက်တာဒေါ်သီသီအေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ၊ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ထွေး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသော ဦးသိန်းမြင့်သန်းနှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းများ လက်ဖွဲ့ချီးမြှင့်ပေးသော ဝတ်ရည်သန့် သစ်ခွခြံမှ ဦးထွန်းထွန်းလင်းနှင့်ဇနီး ဒေါ်ငြိမ်းမြအေး၊ မင်္ဂလာပန်းကြဲပေးသော မမြင့်မြင့်စိုး(MRTV)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မဉမ္မာဆွေ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မလင်းလဲ့နိုင်မောင်၊ သတို့သားအရံ ဗိုလ်ကြီးမျိုးနောင်ဝင်း၊ သတို့သမီးအရံ မမြဇာခြည်လှိုင်(Air Mandalay)တို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံ ဖန်တီးပေးသော အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးငွေးဝင်း(MRTV)နှင့်အဖွဲ့အားလည်းကောင်း၊ IBCမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကျော်စွာမင်း–မဆွေသူသူစိုး။

ဒေါ်ခင်မေထွေး ၁၂/တကန(နိုင်)၀၈၉၁၈၅ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ မင်းရဲကျော်စွာရပ်ကွက်၊ အကွက်အမှတ်(၈၄၁–အေ) ဥက္ကံအရှေ့ကွင်း ဦးပိုင်အမှတ်(၂၃/ဃ)နှင့်(၂၄/ဃ)မြေကွက်များ၊ ယင်းမြေပေါ်ရှိ အာရ်စီနှစ်ထပ် အဆောက်အအုံနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး လားရှိုးမြို့ ရပ်ကွက်(၃) နယ်မြေ(၁၀) ကြာညိုလမ်း အိမ်အမှတ် ၆၇နေ ဦးတင်အောင် ၁၂/တကန(နိုင်)၀၇၀၉၃၆က ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက်နေ ဒေါ်ခင်မေထွေး ၁၂/တကန(နိုင်)၀၈၉၁၈၅သို့ လားရှိုးမြို့ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၂၂–၈–၂၀၀၀ရက်နေ့စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၅၇/၂၀၀၀ဖြင့် လွှဲအပ်ထားခဲ့ပါသည်။

သို့ရာတွင် ဒေါ်ခင်မေထွေးသည် ဖော်ပြပါအထူးကိုယ်စားလှယ်လွှဲစာဖြင့် ညီအစ်ကိုမောင်နှမများ၏ အကျိုးစီးပွားပျက်ပြားအောင် မိမိသဘောအလျောက် လုပ်ဆောင်လာပါသဖြင့် ၎င်းအား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၇/၂၀၀၀ကို ၁၂–၃–၂၀၀၆ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ပါကြောင်း ဒေါ်ခင်မေထွေးနှင့် အများသိသာရန် ကြေညာအပ်ပါသည်။

ဦးတင်အောင် ၁၂/တကန(နိုင်)၀၇၀၉၃၆
အိမ်အမှတ် ၆၇၊ ကြာညိုလမ်း
နယ်မြေ(၁၀)၊ ရပ်ကွက်(၃)၊
လားရှိုးမြို့။

TOP CHOICE

ဝလာစာအုပ်

ပြိုင်မြင်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

မတ်၄ရက်က ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၄)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပရာ စတုတ္ထတန်းမှ မောင်မော်ထက်ကျော်အား ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ဆုပေးအပ်စဉ်။ (က–ပ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ခ/၉၀၂၁ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)။

Y.E.S.

Basic Spoken English : Mar - 14, 18,25, 28
Grammar Foundation Course: Mar-25, 28
Pre-Intermediate English: Mar -18,20, 28
Basic Writing Course (BWC) : Mar - 28
IBT TOEFL , IELTS , API (4-Skills),
SAT , AWC , IWC , VEC , IE

တူးပို့ ••• တူးပို့

မြစ်လေဆိပ်ဝန်းကျင် ခြိစည်းရိုးကြက်ဆူပင်စုပေါင်းပျိုးထောင် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များရှင်းလင်း

မြိတ် မတ် ၈

တနင်္သာရီတိုင်း မြိတ်မြို့ လေယာဉ်ကွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဇီဝဒီဇယ်ဆီထုတ်ယူရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီက မြိတ်လေဆိပ်ပျိုးဥယျာဉ်တွင် ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်နွဲ့နှင့် တပ်မတော်အရာရှိများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများ တက်ရောက်၍ ပျိုးထောင်စိုက်ပျိုးကြသည်။

အခမ်းအနားတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိဦးကျော်ဇောက လေယာဉ်ကွင်းအနောက်ဘက်ခြမ်းရှိ မြေ လေးဧကတွင် မျိုးပင် ၅၀၀၀ စိုက်ပျိုးခြင်းနှင့် ပျိုးအိတ်နှစ်သိန်း ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေး တိုင်းမန်နေဂျာ ဦးတင်မောင်မြင့်က ခြံစည်းရိုးကြက်ဆူပင် အသုံးဝင်ပုံနှင့် စိုက်နည်းစနစ်ကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းမှာကြားကာ ပျိုးထောင်စိုက်ပျိုးနေသည့် ရပ်ကွက်ပြည်သူများအား လိုက်လံ ကြည့်ရှုအားပေးကြောင်း သိရသည်။

(အပေါ်ပုံ) (တိုင်း ပြန်/ဆက်)

တာဝန်ပေးအပ်

၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးတိုးချဲ့ တာဝန်ပေးအပ်ပွဲအခမ်း အနားကို မတ် ၁ရက်က ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ကျေးရွာအုပ်စု ၄၉ အုပ်စုမှ ဥက္ကဋ္ဌ တစ်ဦးချင်းစီအား တာဝန်ပေးအပ်စဉ်။

(က-ပ)

နဝမအကြိမ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျောက်ဆည်၌ဟောပြော

ကျောက်ဆည် မတ် ၉

ကျောက်ဆည်မြို့နယ် နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုဟောပြောပွဲကို မတ် ၁ရက် နံနက် ၁၀နာရီက မြင်စိုင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမေ၊ ကျောက်ဆည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝင်းမေနှင့် အမှုဆောင်များ၊ ရပ်ကွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးမြင့်က နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းနိုင်က ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုတွင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(က-ပ)

သန်လျင်မြို့ အခြေခံပညာ အလယ်တန်းကျောင်း (မြို့ဟောင်း)၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၁၁ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အဋ္ဌမတန်းမှ မောင်ဝင်းသန်းဇော်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ထားဝင်းက အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ခရိုင် ပြန်/ ဆက်)

ကနီမြို့နယ်၌ အလှူရှင်စက်ရေတွင်းဖွင့်

ကနီ မတ် ၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက အလှူငွေကျပ် ၁၀သိန်းဖြင့် ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှတာဝန်ယူ ဆောင်ရွက်သည့် ကနီမြို့နယ်မင်းအို ကျေးရွာ အလှူရှင်စက်ရေတွင်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ဒေးဒရဲ၌ကျေးလက်ဖွံ့ဖြိုးရေးကျောက်ခင်းလမ်းဖွင့်

ဒေးဒရဲ မတ် ၈

ဒေးဒရဲမြို့နယ် ပင်ေကလေးကျေးရွာ ရွာအဝင် ဖွံ့ဖြိုးရေး ကျောက်ခင်းလမ်းဖွင့်ပွဲကို မတ် ၃ ရက်က နံနက်၁၁ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအုန်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျောက်ခင်းလမ်းသည် ဖျာပုံကားလမ်းမှ ပင်ေကလေးရွာအဝင်လမ်းဖြစ်ပြီး အရှည်ပေ ၁၅၆၀၊ အကျယ်ခြောက်ပေ ကျောက်ခင်းလမ်းဖြစ်၍ ခွင့်ပြုငွေကျပ် လေးသိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၇သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြကြောင်း သိရသည်။

(က-ပ)

မြန်မာ့အသံ

၁၈-၃-၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်တွင်းဖြစ်ကော်ဖီမှုန့် ထုတ်လုပ်မှုအကြောင်း) (အပိုင်း-၁)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း (၁)လတပေါင်း (ခေါင်းကြီး) (၂)တကယ့်ရတနာ (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၅ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ပထဝီဝင်တတ်ကျွမ်းမှု)

ညနေပိုင်း

၁၇း၃၀ ဧရာဝတီတိုင်းမှ မောင်ဇော်ဇော်အောင်နှင့် ပဲခူးတိုင်းမှ မောင်သီဟဇော်တို့၏ ဓမ္မပူဇာတေး
၁၇း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးနှင့် ညီညွတ်စေတဲ့ လမ်းလျှောက်နည်း) ဒေါက်ထွေး(ဆေး/မန်း)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ပုလဲတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် လန်းသွားတယ်တေးစီးရီး
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

သံဖြူဇရပ်မြို့နယ် ဂျီအီးစီ(ပညာရေး) ဝန်ထမ်းသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဂျီအီးစီ (ပညာရေး) ဝန်ထမ်းသမဝါယမအသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက အသင်းမှရောင်းရသော စာအုပ်အမြတ်ငွေကျပ်ကိုးသိန်းကို အသင်းသားများအား ခွဲဝေပေးရန်အတွက် အသင်းမန်နေဂျင်းဒါရိုက်တာ ဦးမင်းကျော်မင်းထံ ပေးအပ်စဉ်။ (မြို့နယ်ပညာရေး)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် မြို့တွင်းရေပေးဝေ

ကောလင်း ဖေဖော်ဝါရီ ၂၈

ကောလင်းမြို့နယ်တွင် နွေရာသီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့တွင်းသို့ ရေပေးဝေခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့ပေါ်ခြောက်ရပ်ကွက် ဥက္ကဋ္ဌများနှင့် မြို့ရေပေးဝေရေး ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် ဝန်ထမ်းများက ဝန်းသိုမြို့နယ် အောင်နှောင်းဆည်မှ ရေများကို မြို့ပေါ်ရပ်ကွက်များသို့ စတင် ပေးဝေကြသည်။

အဆိုပါအဖွဲ့သည် ရပ်ကွက်တိုင်း ရေရရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရေတွင်းရေကန်နှင့် မီးသတ်ရေကန်များ ရေအားဖြည့်တင်းရေး၊ ကာလာမကန်နှင့် အခြားသဘာဝရေကန်များ ရေအားဖြည့်တင်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

(၀၂၆)

ချောင်းဆုံမြို့ မြို့မ အမှတ်(၁) ဈေးကြီးနှင့် အနောက်ဘက်ခြမ်းရှိ ပျံကျဈေးတန်းကို ဈေးသန့်ရှင်းသပ်ရပ်ရေးအတွက် စည်းကမ်းနှင့်အညီ စနစ်တကျ ရောင်းချရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ရေးတို့ကို ဖေဖော်ဝါရီ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပေါက်တောမြို့နယ် ပြည်သူ့ဆေးရုံ လူနာများထောက်ပံ့ ကျန်းမာရေးပညာပေးဟောပြော၊ အဆိုပြုလွှာများပေးအပ်

စစ်တွေ မတ် ၁၂

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုသည် အဖွဲ့ဝင်များလိုက်ပါလျက် မတ် ၉ ရက် နံနက် ၁၁ နာရီခွဲက ပေါက်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံတက် ကုသလျက်ရှိသော လူနာများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်အမျိုး သမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းနုနှင့်အဖွဲ့သည် ပေါက်တောမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်ကုသမှု ခံယူလျက်ရှိသော ဘိုးဘွား ၅၉ ဦး တို့အား မျက်နှာသုတ်ပဝါ၊ ဆေးဝါးနှင့် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပေါက်တောမြို့ အထကကျောင်းခန်းမ၌ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပေါက်တောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်တင်ညွန့်က အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ ၂၅၀ ကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေထံပေးအပ်ပြီး အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်မြစောရီက အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ စစ်တွေခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာနှင့် ရင်ထိုးပေးအပ်

ဆက်လက်၍ စစ်တွေခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းက ပေါက် တောမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင် ဂုဏ်ပြုလွှာနှင့် ရင်ထိုးတံဆိပ် ၂၀၀ ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဇံထံ ပေးအပ်ကြောင်း သိရသည်။

(အမျိုးသမီးရေးရာ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ကျင်းပသော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်က အဆိုပါ ဘုရားကြီးအဝင်ဝမုခ်ဦး၌ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးလှနှင့် ဘုရားဂေါပကအဖွဲ့နာယက ဦးစိုင်းလွန်းသာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ချမ်းအေးသာစံမြို့နယ်တွင် ကျန်းမာရေးပညာပေး အမြွှာပူးမွေး သက်ကြီးမိခင်အား ထောက်ပံ့ငွေပေးအပ်

မန္တလေး မတ် ၁၄

မန္တလေး ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို မတ် ၁၀ ရက်မွန်းလွဲ ၁နာရီက ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ ဒေဝဓမ္မိကဓမ္မာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏ဇနီး မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မိုးသီတာ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်နေ အမျိုးသမီးများတက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မိုးသီတာက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်က ဗီတာမင်ဘီ ချို့တဲ့ ရောဂါအကြောင်းနှင့် အမျိုးသမီးများ ဖြစ်တတ်သော ရောဂါများအကြောင်းကို ပညာပေး ဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မိုးသီတာနှင့် တာဝန်ရှိသူများက အမြွှာပူးမွေးသော သက်ကြီးမိခင်အား အာဟာရနို့မှုန့်ဘူးများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများလှူဒါန်းပြီး ရပ်ကွက်နေ အမျိုးသမီးများအား အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းခဲ့သည်။ **(ဓါပုံ)** **(၁၆၂)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရေဖြူမြို့နယ်၌ ထားဝယ်မြစ်ကူးတံတား တည်ဆောက်လုပ်ငန်းခွင်ဆောင်ရွက်မှု ခရိုင်ဥက္ကဋ္ဌကြည့်ရှုစစ်ဆေး

ထားဝယ် မတ် ၁၂

ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို၊ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းနှင့်အဖွဲ့ဝင်များသည် မတ် ၁ ရက် နံနက် ၈ နာရီက ရေဖြူမြို့နယ်တွင် ဆောက်လုပ်နေသော ကိုယ့်အားကိုယ်ကိုး ထားဝယ်မြစ်ကူးတံတား(ရေဖြူ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရေဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးကြိုင်က ကြိုဆို နှုတ်ဆက်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။ **(အောက်ပုံ)**

အဆိုပါတည်ဆောက်နေသော ထားဝယ်မြစ်ကူးတံတား(ရေဖြူ)သည် အရှည်ပေ ၆၃၀၊ အကျယ် ၁၈ပေရှိ သစ်သားတံတားဖြစ်သည်။ **(က-ပ)**



သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်း

သနပ်ပင် မတ် ၂

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် သနပ်ပင်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်က သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေးငွေးနှင့် အမှုဆောင်များက လုပ်ငန်းအလိုက် ဆောင်ရွက်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်လှက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြီး ပဲခူးခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်သန်းမော်က ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်ဦးက လက်ခံရယူပြီး သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ ၂၀၀၀ ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေးငွေးကပေး အပ်ရာ ပဲခူးတိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က လက်ခံရယူသည်။ **(၃၄၇)**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကျိုက်ပေါလော ဘုရားလမ်း ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)



ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော ကျန်စစ်သားလမ်းကတ္တရာခင်းမှုကို မတ် ၃ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)



လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားဂရာလမ်းရှိ ဗားဂရာကွန်ဒိုဌ် ၁၃–၃–၂၀၀၆ရက်တွင် ဖွင့်လှစ်သော **နီအိုဗွီးရှင်းအဆင့်မြင့်မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာ** ခမ်းခမ်းနားနား ဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးထင်ကျော်–ဒေါ်ထွေးထွေးစိုးမင်း၊ MYANMAR JICK-YOUNG CO.,LTD

ဦးမြတ်ကောင်း–ဒေါ်နွယ်နီအေး
ALL TOP PRODUCTS CO.,LTD.

ဦးညီညီအောင်
MIKKO FOOD MARKETING LTD.

ဦးသူရမြင့်–ဒေါ်ဇင်ဇင်မိုးညို
GOLDEN KEY CO.,LTD.

ဦးရင်လေး–ဒေါ်ခင်ဝင်း
GOLDEN KEY CO.,LTD.

ဦးသက်လွင်–ဒေါ်ခင်စန်းလှ
LUCKY HAND CO.,LTD.

ဒေါ်ခင်ဝင်းမော်
GOLDEN KEY CO.,LTD.

ဦးရဲဝင်းအောင်–ဒေါ်ခင်မိုးမိုး
FORMULA ONE CO.OP LTD.

ဦးထင်ကျော်–ဒေါ်ထွေးထွေးစိုးမင်း
MYANMAR JICK YOUNG CO.,LTD.

ဦးမျိုးအောင်–ဒေါ်ခင်မျိုးမျိုး

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမ အမှတ်(၈၇)နေ ဖခင် ဦးသီး–မိခင်ဒေါ်လှစိန်တို့အားရည်စူး၍ ဒေါ်မြင့်မြင့်၊ ဒေါ်ခင်ဌေး၊ ဒေါ်မြသန်းဝင်း (နဂါးနီ မိသားစု)တို့က ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် စေတီရံတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

မြင်းမူအမက(၄) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၂၈

မြင်းမူမြို့ အမှတ်(၄)အခြေခံပညာ မူလတန်း လွန်ကျောင်း၏ ရွှေရတုအထိမ်း အမှတ်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁နာရီက အဆိုပါ ကျောင်းရှေ့မျက်နှာစာတွင်ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် ပညာရေးမှူး ဒေါ်အုံးငွေနှင့် လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ထို့နောက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ရှစ်ဦးတို့အား ကန်တော့ခံ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ပညာရည်ချွန်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြပြီး ပညာရည်ချွန် ငွေပဒေသာပင်အတွက် အလှူငွေများကို အလှူရှင်များက လှူဒါန်းကြသည်။ (၁၆၇)

မော်လမြိုင်ကျွန်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာဖြေပွဲ စာအောင်သံဃာများ အောင်လက်မှတ်နှင့် ဝတ္ထုပစ္စည်းဆက်ကပ်

မော်လမြိုင်ကျွန်း မတ် ၇

မော်လမြိုင်ကျွန်းမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သံဃသြဝါဒခံ ပရိယတ္တိသာသနာ့နုဂ္ဂဟ အသင်း၏ (၅၁)ကြိမ်မြောက် ပရိယတ္တိစာဖြေပွဲတော်ကို ကမ်းနားကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၄ ရက်အထိ ကျင်းပခဲ့ပြီး ဆုနှင်းသဘင်ပွဲကို မတ် ၅ရက် ညနေ ၆နာရီက ကမ်းနားကျောင်းတိုက် ဆုနှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ယင်းဆုနှင်းသဘင်ပွဲသို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ကမ်းနားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ စာအောင်သံဃာတော်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် ဌာနဆိုင်ရာများ၊ ကျင်းပရေးကော်မတီဝင်များ၊ စာအောင်ဆုအလှူရှင်များ တက်ရောက်ကြသည်။

အဆိုပါ ဆုနှင်းသဘင်ပွဲတွင် အတန်းလိုက် အောင်မြင်တော်မူကြသော စာအောင်သံဃာတော် ၁၄၉ ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်များက ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။ **(ဝ၈၇)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းနှင့် ပေါင်းသင်မြေဆွခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးလှထွန်း၊ မိုးညှင်းခရိုင် ဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်၊ အင်းတော်ကြီး ဒေသရုံးခွဲ တာဝန်ခံ ဦးဝေမိုးထွန်းနှင့် တာဝန်ရှိသူများ မတ်၈ ရက်က ငါးသားပေါက်ပြုစုမွေးမြူရေးစခန်း တည်ဆောက်ရန် မိုးညှင်းမြို့ အင်းတော်ကြီးဒေသလုံးတုံရွာအနီးတွင် ကွင်းဆင်းတိုင်းတာကြစဉ်။ (ငါးလုပ်ငန်း)

ကော့သောင်းမြို့၌ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုး

ကော့သောင်း မတ် ၁၀

ကော့သောင်းမြို့ ကမ်းနားလမ်းမြေထိန်းကွက်လပ်တွင် မတ် ၄ရက် နံနက် ၉နာရီက အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် အပင်ပေါက်များ စိုက်ပျိုးကြရာသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှဌေးတို့ တက်ရောက်အားပေး၍ စိုက်ပျိုးပေးကြကြောင်း သိရသည်။ **(၃၈၉)**

ကန်တော်ကြီးထောင့် မြို့နယ် မြို့မရပ် မင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ ပန်းပျိုးလက်စာကြည့်တိုက်တွင် မြတ်မင်္ဂလာမဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာမင်းယုဝေ၊ ဆရာသန်းထွတ် (ပညာရေး)၊ ဆရာခင်အေး(စက်မှု)တို့က ဝတ္ထု၊ မဂ္ဂဇင်း၊ ထေရုပ္ပတ္တိမျိုးစုံအုပ်ရေ ၃၀၀ကို စာကြည့်တိုက် ဖြစ်မြောက်ရေး နာယက ဆရာတော် ဘဒ္ဒန္တဝရသာမိထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စုပေါင်းသန့်ရှင်း

တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာသို့ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် အုတ်ခုံခံတံတားဆောက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ဖေဖော်ဝါရီ ၇ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးသန်းဝင်းခိုင် ကြီးကြပ်ဆောက်လုပ်သော အကျဲ–မလဲ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးပေရှိ အုတ်ခုံခံသစ်သားတံတား ဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာ ဦးသိန်းမြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမည့် လုပ်ငန်းရှင်များအားတွေ့ဆုံ

၂၀၀၆ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူပင် ဧကတစ်သိန်း စိုက်ပျိုးမည့် စီမံချက်အောင်မြင်ရေး

စိုက်ပျိုးမြေ၊ မျိုးစေ့၊ ပျိုးပင်၊ နည်းပညာ၊ အရင်းအနှီးနှင့် ထောက်ပံ့ဖြည့်ဆည်းမှု ရှင်းလင်း

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ဦးဘလွင်ခန်းမ၌ ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးကြမည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန်တိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးကြမည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးချွန်သော အားကစားသမားများ ပေါ်ထွက်လာရေး

အကောင်းဆုံးအားကစားသမားဆုများ နှစ်စဉ်ချီးမြှင့်မည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၆

နိုင်ငံဂုဏ်ဆောင်ထူးချွန်သော အားကစားသမားများကို နိုင်ငံတကာနည်းတူ မြန်မာ့အားကစားမီဒီယာများကလည်း အသိအမှတ်ပြုဂုဏ်ပြုရန်နှင့် ထူးချွန်အားကစားသမားများ ပိုမိုထွက်ပေါ်လာပြီး နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ၂၀၀၅ခုနှစ် အကောင်းဆုံးအားကစားသမားဆုများကို ချီးမြှင့်ခဲ့သည်။

တွေ့ဆုံမေးမြန်း

ထိုသို့ ၂၀၀၅ခုနှစ်အကောင်းဆုံးအားကစားသမားများအား ဆုချီးမြှင့်ခဲ့ရာတွင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုအရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့၏ အကောင်းဆုံးအားကစားသမားများကို ဆုချီးမြှင့်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

တတိယအကြိမ်

ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် ဒေါက်တာတင်ထွန်းဦးက "၁၉၉၁ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ကို ၂၀၀၁ခုနှစ်မှစတင်ကာ ပြန်လည်ဖွဲ့စည်းခဲ့ရာ၌ မိမိဥက္ကဋ္ဌအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ အမှုဆောင်များ တက်ညီလက်ညီ ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၀၃ ခုနှစ်မှစတင်ကာ နှစ်စဉ် အကောင်းဆုံးအားကစားသမားများ ဆုချီးမြှင့်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုကို ၂၀၀၄ခုနှစ်၌ ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ ယခုအခါတတိယအကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း" ပြောကြားသည်။

ယခင်အကြိမ်များ၌ ဆုရရှိခဲ့သူများနှင့်ပတ်သက်၍ မေးမြန်းရာတွင် "ပထမအကြိမ်အဖြစ် ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားအားကစားသမားဆုကို အောင်လင်း(လေ့လှော်)နှင့် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကို *စာမျက်နှာ ၁၂ ကော်လံ ၁* ■

၂၀၀၅ ခုနှစ် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆု ရရှိခဲ့သည့် ယဉ်ယဉ်ခိုင်(ပြေးခုန်ပစ်)။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

၂၀၀၅ ခုနှစ် အကောင်းဆုံးအမျိုးသားအားကစားသမားဆု ရရှိခဲ့သည့် အောင်ချိုမြင့် (ပိုက်ကျော်ခြင်း)။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာ လုံးဝအခြေအမြစ်မရှိ

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးကို လေးစား

အီသီယိုးပီးယားလူ့အခွင့်အရေးဆိုင်ရာ အမေရိကန်၏ဖော်ပြမှု တုံ့ပြန်ဝေဖန်

အဒစ်အဘာဘာ မတ် ၁၆

အီသီယိုးပီးယားနိုင်ငံမှ လူ့အခွင့်အရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဖော်ပြသော အမေရိကန်အစိုးရ၏ အစီရင်ခံစာမှာ အခြေအမြစ်မရှိဘဲ လုပ်ကြံဖန်တီးချက်များသာဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံက တနင်္လာနေ့တွင် တုံ့ပြန်လိုက်သည်။

စာမျက်နှာ ၆ ကော်လံ ၅ ✡